# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၄၂ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၂၇-၁၀-၂၀၁၁)

**အချိန်၊ ၁၀း ၄၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၂ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၄.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြား ရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဇော်မိုး(တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၂၈၁ ဗိုလ်မှူးခင်စိုးဟာ တုတ်ကွေးအဖျားရောဂါဖြင့် ရိပ်သာတွင် ဆေးကုသမှုခံယူနေပါသော ကြောင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင် ပါရန် ဗိုလ်မှူးခင်စိုး၏ကိုယ်စား ကျွန်တော် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၂၉၅ ဗိုလ်မှူးဇော်ဇော်မိုးမှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)** ။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းသည် မိမိကိုယ်တိုင် လုပ်ဆောင်ရမည့်ကိစ္စရှိပါ၍ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နှင့် ၂၈ ရက် တို့အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးအောင်ဇော်ဝင်း၏ကိုယ်စား ကျွန်တော် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်မှ ရိုသေလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေသည် အစာအိမ်ရောဂါဝေဒနာ ခံစားနေရပါသဖြင့် ယနေ့နှင့်မနက်ဖြန်အား ခွင့်နှစ်ရက်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းသည် အစာအိမ်ရောဂါဖြင့် ဆေးကုသမှုခံယူနေရပါသဖြင့် အောက်တိုဘာလ ၂၇ ရက်နှင့် ၂၈ ရက်နေ့ ခွင့်နှစ်ရက် သတ်မှတ်ပေးနိုင်ပါရန် ဦးသာဝင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့်ဟာ ကိုယ်တိုင်ဆောင်ရွက်ရမယ့် လုပ်ငန်းများရှိတဲ့အတွက် အောက်တိုဘာလ ၂၇ ရက်နေ့ကို ခွင့်တစ်ရက် အဖြစ်သတ်မှတ်ပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းမှ ကိုယ်စားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းသည် ၎င်းကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စများရှိနေပါ၍ ယနေ့ ၂၇-၁၀-၂၀၁၁ ရက်နေ့နှင့် နက်ဖြန် ၂၈-၁၀-၂၀၁၁ ရက်နေ့ကို ခွင့်နှစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းက လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း(တန့်ယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျောက်မဲ မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးနယ်လ်ဆင်(ခ) ဦးစိုင်းဆောင်ဆီသည် ကိုယ်ရေးကိုယ်တာကိစ္စများကို ကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၂၇-၁၀-၂၀၁၁ နေ့နှင့် မနက်ဖြန် ၂၈-၁၀-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် တန့်ယန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်းက ၎င်း၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်သည် မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် အရေးကြီးကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့နှင့် နက်ဖြန်အား ခွင့်နှစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးတင်မောင်၏ကိုယ်စား ပုသိမ်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်သန့်မှ ရိုသေလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ တောင်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းဟာ ခရီးသွားရောက်၍ ကိုယ်တိုင်ဆောင်ရွက်ရမည့်လုပ်ငန်းများရှိနေပါ၍ ၂၇-၁၀-၂၀၁၁နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်

အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ဦးအောင်သောင်း၏ ကိုယ်စား ကျွန်တော်မှ လေးစားစွာခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ကျိုက်ထိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်သည် ဇနီးဖြစ်သူ ကျန်းမာရေး ဆေးစစ်မှုခံယူရာတွင် လိုက်ပါကူညီဆောင်ရွက်ရန်ရှိပါသဖြင့် ၂၇-၁၀-၂၀၁၁ မှ ၂၈-၁၀-၂၀၁၁ အထိ နှစ်ရက်ကို လွှတ်တော်တက်ရောက်ပျက်ကွက်ခြင်းအား ခွင့်အဖြစ်သတ်မှတ် ပေးပါရန် မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းမှ ဦးမြင့်လွင်၏ကိုယ်စား လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဋ္ဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးမောင်ဖြစ်ပါတယ်။မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးသူသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ရုံးကိစ္စများဆောင်ရွက်ရန်ရှိပါသဖြင့် ၂၇-၁၀-၂၀၁၁ နှင့် ၂၈-၁၀-၂၀၁၁ နှစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးအေးသူကိုယ်စား လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရမယ့်အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စရပ်များရှိနေပါသဖြင့် ယနေ့ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ခွင့်ပြုပေးပါရန် ကျွန်တော် ပင်လောင်း မဲဆန္ဒနယ် ဦးခွန်မောင်သောင်းမှ လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရန် လူမှုရေးကိစ္စတစ်ရပ်ရှိနေပါသဖြင့် ယနေ့ ၂၇-၁၀-၂၀၁၁ တစ်ရက်ကို လွှတ်တော်

အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ခွင့်ပြုပေးပါရန် ဦးဝင်းကိုရဲ့ကိုယ်စား လေးစားစွာဖြင့် ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်စိုးလေး(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြစ်ကြီးနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်သည် ကိုယ်တိုင် ဆောင်ရွက်ရမည့်လုပ်ငန်းများရှိပါသဖြင့် ယနေ့အတွက် ခွင့်တစ်ရက်သတ်မှတ်ပေးပါရန် ဦးသိန်းဇော် ကိုယ်စား ကျွန်တော် ဦးကျော်စိုးလေးမှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းသည် ကျောက်ကပ် ရောဂါပြန်လည်စစ်ဆေးရန် ခုတင်-၁၀၀၀ ဆေးရုံဆရာဝန်ကြီးမှ ရက်ချိန်းပေးထားပါသဖြင့် ၂၇-၁၀-၂၀၁၁ နေ့တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသောင်းမှ လေးစားစွာဖြင့် တင်ပြ လျှောက်ထားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း သည် ကိုယ်တိုင်ဆောင်ရွက်ရမယ့်ကိစ္စရှိပါသဖြင့် ၂၇-၁၀-၂၀၁၁ နေ့ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးမောင်မောင်သိမ်းရဲ့ကိုယ်စား ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်က ခွင့်အဖြစ် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့်လည်းကောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်နေစေရေးအတွက်လည်းကောင်း၊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားလာစေရန်အတွက်လည်းကောင်း၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့များကို ရှေးယခင်အစိုးရများလက်ထက်ကနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် အထိမ်းအမှတ်ပွဲများအဖြစ် နိုင်ငံတော်ကိုကိုယ်စားပြုပြီး ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်ခင်ဗျား။ တစ်ဆက်တည်းမှာပဲ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပြုစု ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ရိုးရာလှေသဘင်ပွဲတော်ကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များအားလည်း နိုင်ငံတော်မှကြီးမှူးကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၏မေးခွန်းကို

ဖြေကြားမှာ ဖြစ်ပါတယ်ရှင်။ ဝန်ကြီးမအားလပ်ပါသဖြင့် ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးမှ လာရောက်ဖြေကြားခြင်း ဖြစ်ပါတယ်ရှင်။ မေးခွန်းမှာဖော်ပြထားတဲ့ ပွဲတော်ကြီးသုံးခုအနက် လွတ်လပ်ရေးနေ့ပွဲတော်နဲ့ ပြည်ထောင်စုနေ့ပွဲတော်နှစ်ခုဟာ နိုင်ငံတော်ရဲ့သမိုင်းနဲ့ပတ်သက်တဲ့ နေ့ထူးနေ့မြတ်များ ဖြစ်ပါတယ်ရှင်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဒီအထိမ်းအမှတ်ရက်များကို ကျင်းပတဲ့အခါမှာ အစိုးရအဆက်ဆက်က ၎င်းတို့အချိန်အခါနဲ့ အခြေအနေရဲ့ လိုအပ်ချက်များအပေါ် မူတည်ပြီး ပုံစံမျိုးစုံနဲ့ ကျင်းပခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို အခမ်းအနားကျင်းပမှုပုံစံများကွဲပြားပြီး ခြားနားပေမယ့်လည်း အခမ်းအနားကျင်းပရတဲ့ ရည်ရွယ်ချက်များကတော့ အတူတူပဲဖြစ်ပါတယ်ရှင်။ လွတ်လပ်ရေးနေ့အခမ်းအနားများကို ကျင်းပတဲ့အခါမှာဆိုရင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို နောင်လာနောင်သားများ သတိရစေပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းလိုစိတ်များ ရှင်သန်ရန်အတွက်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလများအတွင်း အသက်သွေးချွေးစွန့်လွတ်ပေးဆပ်ခဲ့သူများရဲ့ ကျေးဇူးကို အောက်မေ့သတိရစေရန် အတွက်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့စနစ်နဲ့ ခေတ်သစ်ကိုလိုနီဝါဒရဲ့ အန္တရာယ်များကို မမေ့လျော့သောသတိဖြင့် ကာကွယ်တားဆီးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ကျင်းပခဲ့တာ ဖြစ်ပါတယ်ရှင်။ ပြည်ထောင်စုနေ့ ကျင်းပတဲ့အခါမှာလည်း နှစ်ပေါင်းထောင်ချီတည်ရှိခဲ့တဲ့ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူယှဉ်တွဲနေထိုင်ခဲ့တဲ့ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့များရဲ့ သွေးခွဲအုပ်ချုပ်မှုအောက်ကရုန်းထွက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကာ လွတ်လပ်ရေးရယူနိုင်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားစေရန်အတွက်လည်းကောင်း ရည်ရွယ်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း အဲဒီရည်ရွယ်ချက်များအပြင် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ နိုင်ငံသားတိုင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရေးဆိုတဲ့ ရည်မှန်းချက်များပါ ထားရှိဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခမ်းအနားများကို ကျင်းပတဲ့အခါမှာလည်း ပျော်ပွဲရွှင်ပွဲသဘောထက် နေ့ထူး၊ နေ့မြတ်ကြီးများ ဖြစ်ပေါ်လာရပုံအနှစ်သာရကို ပြည်သူများအထူးသဖြင့် မျိုးဆက်သစ်လူငယ်များသိရှိဖို့ ခံယူကျင့်သုံးနိုင်ဖို့အတွက် အနှစ်သာရရှိရှိ ကျင်းပသွားမှာဖြစ်ပါတယ်။ နောက်ပြီးကျင်းပတဲ့အခါမှာလည်း ပြည်ထောင်စုအစိုးရက ဦးစီးကျင်းပသလိုတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများကလည်း

သိုက်သိုက်ဝန်းဝန်းနဲ့ စည်စည်ကားကားဖြစ်အောင် ကျင်းပသွားမှာဖြစ်ပါတယ်ရှင်။ မြန်မာ့ရိုးရာလှေသဘင်ပွဲတော်နဲ့ ပတ်သက်လို့ကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှာ နိုင်ငံတော်ကဦးစီးပြီး ကျင်းပခဲ့ဖူးပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကစပြီး ဒေသအလိုက်ရိုးရာလှေသဘင်ပွဲများ ကျင်းပလျက်ရှိတဲ့ဒေသများမှာတော့ အစဉ်အလာမပျက်ဆက်လက်ကျင်းပလျက်ရှိကြပါတယ်။ အင်းလေးမှာဆိုရင်လည်း အဲဒီလိုပြိုင်ပွဲများကို ပုံမှန်ကျင်းပနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် လှေသဘင်ပွဲလို မြန်မာ့ရိုးရာပွဲတော်များကိုတော့ နိုင်ငံတော်ကဦးစီးပြီး တစ်နေရာတည်းမှာ စုစည်းကျင်းပတာမျိုး မဟုတ်တော့ဘဲ သက်ဆိုင်ရာဒေသများမှာ မိမိတို့ရဲ့ရိုးရာအစဉ်အလာများနဲ့အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ကူညီပံ့ပိုးဆောင်ရွက် ပေးသွားမှာ ဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများအား လေးစားစွာဖြင့် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် (ခ)စိုင်းဟတ် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍနဲ့ ဆိုင်တဲ့မေးခွန်းသုံးခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းတင်ပြသွားပါမယ်ခင်ဗျား။ မေးခွန်းနံပါတ်(၁) နိုင်ငံတော်မှ နယ်စပ်ဒေသနှင့်ပြည်မ၊ ကျေးလက်နဲ့ မြို့ပြဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းရေးဆောင်ရွက်ရန် အထူးဒေသဖွံ့ဖြိုးရေးဇုန် ၂၄ ခုဖြင့် ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါတယ်။ ထို့အပြင် ယခုအခါ နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ဝန်ထမ်းကောင်းမှ အစိုးရကောင်းဖြစ်မည်ဆိုသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း နိုင်ငံတော်ရဲ့ရေရှည်ပြုလုပ်ရမယ့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု ယုံကြည်ပါတယ်။ သို့ရာတွင် တိုးတက်မှုနောက်ကျကျန်ခဲ့တဲ့ နယ်စပ်ဒေသများရဲ့ဝန်ထမ်းခန့်ထားရေးနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းအကြီးအကဲ အချို့ဟာ ခန့်အပ်တာဝန်ပေးအပ်ရာတွင် မြို့ကြီးများပေါ်မှ အပြစ်ရှိသူများ သို့မဟုတ် ရာထူးတင်ရန်များ၊ ရာထူးလျှော့များ တစ်နည်းအားဖြင့် ပြစ်ချက်များဖြင့် ပေးပို့ခန့်ထားသည်ကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဒေသဖွံ့ဖြိုးမှုမညီမျှဘဲ နှောင့်နှေးနေသည်ဟု ယူဆပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ အရည်အချင်းရှိသူ၊ ထက်မြက်

သော စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများအား အလှည့်ကျစနစ်ဖြင့် ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးမှုနောက်ကျသော ဒေသများအတွက် စေတနာရှိ၍ ထက်မြက်သော စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများအား စေလွှတ်ခန့်ထားတာဝန်ပေးအပ်နိုင်ပါလျှင် အခြားဒေသများနည်းတူ အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယူဆပါသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၂) ပညာရေးဌာနတွင် ယခု လက်ရှိကျောင်းအုပ်ကြီးများအား ရာထူးတိုးပေးရာတွင် လုပ်သက်အနုၔ အရင့်အလိုက် အမှတ်စနစ်ဖြင့် တွက်ချက်၍ပေးသည်ဟုသိရှိရပါသည်။ ထို့ကြောင့် အသက်ကြီးမှ ရာထူးရမည်ဟူသော တရားသေမှုဖြင့်မဟုတ်ဘဲ စေတနာအရင်းခံဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ထူးချွန်ထက်မြက်သည့် တီထွင်ဖန်တီးနိုင်စွမ်းရှိသည့်လူငယ်များအားလည်း အရည်အချင်းဖြင့် ရာထူးတိုးခန့်ထားပေးပါက ပိုမိုအကျိုးရှိမည်ဟုယူဆပါကြောင်းနဲ့ ထိုကိစ္စနဲ့ပတ်သက်၍ ဖြေကြားပေး စေလိုပါတယ်။

မေးခွန်းနံပါတ်(၃) အထက်တန်းကျောင်းအုပ်ကြီးများအား ခန့်အပ်ရာတွင် အခြားဌာနများကဲ့သို့ ပြန်တမ်းဝင်ခန့်အပ်သည့်နေ့မှစ၍ ပြန်တမ်းဝင်လစာချက်ချင်းမရရှိဘဲ အတည်ပြုသည့်နေ့မှသာ ပြန်တမ်းဝင်လစာစတင်ရရှိကြောင်း သိရှိရပါသဖြင့် မှန်ကန်မှု ရှိ၊ မရှိနဲ့ မှန်ကန်ပါက နောင်တွင် ရာထူးခန့်ထားသည့်နေ့မှစ၍ ပြန်တမ်းဝင်လစာ ပေးနိုင်ရန်ရှိမရှိ သိရှိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများဟာ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားများ၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်ထိတွေ့နေရသော သဘောသဘာဝရှိတဲ့ဌာနတစ်ခု ဖြစ်ပါတယ်။ ဝန်ထမ်းအချို့အား စည်းကမ်းဖောက်ဖျက်မှုကြောင့် အခြားနေရာများသို့ ပြောင်းရွှေ့ရမှုများလည်း ရှိခဲ့ပါတယ်။ ပြစ်မှုကြောင့် ပြောင်းရွှေ့ရတဲ့ဝန်ထမ်းတွေကို မျက်ခြေမပြတ်လေ့လာပြီး တိုးတက်ဆောင်ရွက်မှုမပြုလုပ်နိုင်ပါက ထပ်မံအပြစ်ပေးခြင်းမျိုးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများရဲ့သဘောသဘာဝမှာလည်း မိသားစုရှိရာမြို့သို့ ပြောင်းရွှေ့နေထိုင်တဲ့ အလေ့အထရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ ဝန်ထမ်းများရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်းများကိုလည်း

ကာယကံရှင် ဆရာ/ ဆရာမများ၏ဆန္ဒအရ တောင်းခံတဲ့နေရာမှာ လစ်လပ်မှုအပေါ်မူတည်၍ ဆောင်ရွက်နေရခြင်းဖြစ်ပါ၍ စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများအပါအဝင် ဝန်ထမ်းများအား ကာယကံရှင်ရဲ့ ဆန္ဒသဘောထားမပါဘဲ အလှည့်ကျစနစ်ဖြင့် ခန့်ထားပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၂)ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ ယခုလက်ရှိ ကျောင်းအုပ်ကြီးများအား ရာထူးတိုးမြှင့်ပေးရာမှာ လုပ်သက်ရမှတ်တွက်ချက်၍ ရာထူးတိုးပေးခြင်းဖြစ်ပါတယ်။ ဒီလို တိုးပေးခြင်း ဟာလည်းမျှတမှုရှိစေရန်အတွက် စီစဉ်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။ အမိန့်၊ ညွှန်ကြားချက်များ ကို နာခံတတ်သော၊ စေတနာအရင်းဖြင့် ထူးချွန်ထက်မြက်သော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များကိုလည်း အရည်အချင်းဖြင့် ရာထူးတိုးခန့်ထားရန် ကိစ္စနှင့်ပတ်သက်၍ ဝန်ထမ်းတစ်ဦး အပေါ်မှာ အချိန်တိုအတွင်း ဆုံးဖြတ်ရန် ခက်ခဲတဲ့ကိစ္စဖြစ်ပါတယ်။ သို့သော်လည်း ပညာရေးနှင့် ပတ်သက်သောခံယူချက်၊ ကျောင်းတွင်းအုပ်ချုပ်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှု၊ ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်မှု၊ အောင်ချက်မြင့်မားမှုနှင့် ပညာရပ်တတ်မြောက်မှုစတဲ့ အချက်များ နှင့်တိုင်းတာပြီး အမှန်တကယ် ထူးခြားစွာ ဆောင်ရွက်နိုင်သူများကိုလည်း ရာထူးတိုး ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနတွင် ကျောင်းအုပ်ကြီးများ ရာထူးတိုးဆောင်ရွက်ရာတွင် လုပ်သက်နုရင့် တန်းစီဇယားသာမက အရည်အချင်းရှိသူများကိုပါစိစစ်၍ ရာထူးတိုးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိနေပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ အထက်တန်းကျောင်းအုပ်များ စတင် ခန့်ထားရာ၌ အထက်တန်းကျောင်းအုပ်ရာထူးသည် အရာရှိ ပြန်တမ်းဝင်ဝင်ပေါက်တစ်ခုဖြစ်တဲ့ အတွက် စတင်ခန့်ထားတာဝန်ပေးရာမှာ တာဝန်ခံကျောင်းအုပ်များအဖြစ် ခန့်ထားရပါတယ်။ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက အတည်ပြုခန့်ထားပြီးမှသာလျှင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရဲ့သဘောတူ အတည်ပြုချက်ရရှိတဲ့နေ့မှစပြီး ပြန်တမ်းဝင်လစာ ရရှိမည်ဖြစ်ပါကြောင်း ပြန်လည် တင်ပြဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်တကွ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် အဆင့်မြင့်ပညာသင်ယူနိုင်ရန်အတွက် ၁၉၇၇ ခုနှစ်မှစ၍ ယနေ့အထိ ဒေသကောလိပ်၊ ကောလိပ်၊ တက္ကသိုလ်စသည်ဖြင့် အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။ သို့သော်လည်း ဥပဒေ အထူးပြုဘာသာရပ်မှာ ယနေ့အထိ ထားရှိပေးခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ဥပဒေအထူးပြု ဘာသာရပ်ကို သင်ကြားလိုသော၊ ငွေကြေးတတ်နိုင်သော ကျောင်းသူကျောင်းသား လူနည်းစုသာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ သွားရောက်ပညာသင်ယူရပါသည်။ ယခုအခါ နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေပြီဖြစ်ရာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်တရားစီရင်ရေးတွင် ဥပဒေပညာကို နားလည်တတ်ကျွမ်းသော မျိုးဆက်သစ်လူငယ်များ များစွာလိုအပ်လျက် ရှိပါသည်။သို့ပါ၍ ဘားအံတက္ကသိုလ်တွင် ဥပဒေ အထူးပြုဘာသာရပ်ကဏ္ဍ ထားရှိပေးပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာ တင်ပြ အပ်ပါသည်။ ကျေးဇူးတင်ပါသည်ရှင့်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ဘားအံတက္ကသိုလ်တွင် ဥပဒေအထူးပြု ဘာသာရပ်ဌာနထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံတက္ကသိုလ်မှာ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူ ၂၆၇၇ ဦး နှင့် အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၂၉၈၉ ဦး၊ စုစုပေါင်း ၅၆၆၆ ဦးကို လက်ခံ သင်ကြားပေးလျက် ရှိနေပါတယ်။ ထို့အတူပင် မွန်ပြည်နယ်၊ မော်လမြိုင်တက္ကသိုလ်မှာ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူ ၈၅၃၅ ဦးနှင့် အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၈၂၃၅ ဦး၊ စုစုပေါင်း ၁၆၇၇၀ ဦးကို လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ လက်ရှိ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှာ မော်လမြိုင်တက္ကသိုလ်တွင် ကရင်ပြည်နယ်ရှိမြို့နယ် ခုနှစ်ခုပေါင်းမှ ဥပဒေပညာ အထူးပြုဘာသာရပ် ဖြင့် နေ့သင်တန်းတက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ ပထမနှစ် ၂၉ ဦး၊ ဒုတိယနှစ် ၂၄ ဦး၊ တတိယနှစ် ၁၈ ဦး၊ စတုတ္ထနှစ် ၂၀ ဦးသာ ရှိပါတယ်။ နေ့သင်တန်းသားအဖြစ် တက်ရောက်ပြီး ဥပဒေပညာသင်ယူလိုသူ မော်လမြိုင်တက္ကသိုလ်တွင် တက်ရသော်လည်း အဝေးသင်စနစ်ဖြင့် ဥပဒေပညာရပ်ကို သင်ယူလိုသူများအတွက် ဘားအံ တက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိလျက်ရှိသဖြင့် ယခုပညာသင်နှစ်မှာ ပထမနှစ်တွင် ၃၈ ဦး၊ ဒုတိယနှစ်တွင် ၂၈ ဦး၊ တတိယနှစ်တွင် ၄၂ ဦး၊ စတုတ္ထနှစ်တွင် ၃၃ ဦး၊ စုစုပေါင်း ၁၄၁ ဦး တက်ရောက်လျက်ရှိပါတယ်။ မော်လမြိုင်တက္ကသိုလ်သို့ သွားရောက်မတက်လိုသူများအနေဖြင့်

ဘားအံတက္ကသိုလ်မှာပင် အဝေးသင်တက္ကသိုလ်တွင် ဥပဒေဘာသာရပ်ကို တက်ရောက်နိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။ အထက်ဖော်ပြပါအတိုင်း ကရင်ပြည်နယ်အတွင်းက ဥပဒေပညာရပ်ကို လေ့လာသင်ယူလိုသူများအနေဖြင့် အဝေးသင်စနစ်ဖြင့် မိမိနေထိုင်ရာဒေသအတွင်းမှာပင် မိမိ၏ လုပ်ငန်းခွင်မပျက်ဘဲ လေ့လာသင်ယူခွင့်ရရှိနေပြီး ဖြစ်ပါတယ်။ နေ့သင်တန်းတက်ရောက်လိုသူများ အတွက် အချိန်တိုအတွင်းကုန်ကျစရိတ် သက်သာစွာဖြင့် မော်လမြိုင်တက္ကသိုလ်တွင် တက်ရောက် သင်ယူရရှိမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘာသာရပ်ဆိုင်ရာ ရှားပါးသောပညာရှင်များ ကို ထိထိရောက်ရောက် တာဝန်ပေးသင်ကြားပို့ချစေလျက်ရှိရာ လောလောဆယ်ဆယ်တွင် ဥပဒေ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သော ဆရာ၊ ဆရာမများ လုံလောက်စွာ ခန့်ထားနိုင်ခြင်းမရှိသေး သောကြောင့် လက်ရှိပညာသင်နှစ်တွင် ဘားအံတက္ကသိုလ်၌ ဥပဒေပညာအထူးပြုဘာသာရပ် (နေ့သင်တန်း)ကို ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်တင်ပြ ဖြေကြား အပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရှီသီး၊ လေရှီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရှီသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှီသီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ်၊ ဆွမ္မရာအထကခွဲနဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့နယ်ခွဲ အထကတို့မှာ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများရဲ့ အခက်အခဲ၊ မိဘများရဲ့ကြိုးစားမှုကို သက်ညှာထောက်ထားပြီး သက်ဆိုင်ရာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့ အနေဖြင့် စာစစ်ဌာနဖွင့်လှစ်ပေးနိုင်ရေးတို့အတွက် မေတ္တာရပ်ခံတင်ပြသွားလိုပါတယ်။ လေးစားအပ် တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၁၉၈၀ ကျော်ကနေ ၂၀၁၀ အထိ ပညာရေးဝန်ကြီးဌာနမှာ လုပ်သက် ၃၀ နီးပါးတာဝန် ထမ်းဆောင်ခဲ့ခြင်းရဲ့ အတွေ့အကြုံနှင့်အတူ လေရှီး၊ လဟယ်၊ နန်းယွန်းဟာ ၂၀၀၀ ခုနှစ်မတိုင်ခင်က လေရှီးမြို့နယ်ဟာ ဟုမ္မလင်းမြို့နယ်သို့ လည်းကောင်း၊ လဟယ်မြို့နယ်ဟာ ခန္တီးမြို့နယ်သို့လည်းကောင်း၊ နန်းယွန်းမြို့နယ်ဟာ မြစ်ကြီးနားသို့ လည်းကောင်း သွားရောက်ဖြေဆိုရပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ၂၀၀၀ ခုနှစ်ကနေစပြီးတော့မှ လေရှီးမြို့နယ်စာစစ်ဌာန၊ လဟယ်မြို့နယ်စာစစ်ဌာန၊

နန်းယွန်းမြို့နယ်များမှာ အသီးသီးဖွင့်လှစ်ပေးခဲ့ပြီးတော့မှ ကျောင်းသား၊ ကျောင်းသူများဟာ ၎င်းစာစစ်ဌာနမှာပဲ၊ မိမိနေရာမှာပဲ ဖြေဆိုခွင့်ရရှိပါတယ်။ အဲဒီမှာ ၂၀၀၀ ခုနှစ်မှာ အထကခွဲ ဖွင့်လှစ်ခဲ့တဲ့ ဆွမ္မရာအထကခွဲနဲ့ ၂၀၀၀ ခုနှစ်မှာ အထကမြို့နယ်ခွဲ ဖွင့်လှစ်ပေးခဲ့တဲ့ ပန်ဆောင်တို့မှ ကျောင်းသား၊ ကျောင်းသူများဟာ ဆွမ္မရာအထကခွဲမှ ကျောင်းသား၊ ကျောင်းသူများဟာ လေရှီးမြို့နယ်နဲ့ ၄၂ မိုင်ဝေးတဲ့ စာစစ်ဌာနမှာ ခြေလျင်ခရီးနဲ့ မိမိရဲ့အဝတ်အစား၊ ရိက္ခာတို့ကို သယ်ဆောင်ပြီးတော့မှ သွားရောက်ဖြေဆိုခဲ့တာ ယခု ပညာသင်နှစ်နဲ့ဆိုရင် ၁၁ ကျော်သွားပြီး ဖြစ်ပါတယ်။ ထို့အတူပဲ ပန်ဆောင်မြို့နယ်ခွဲမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူများဟာလည်းပဲ ၃၆ မိုင်ကွာဝေးတဲ့ နန်းယွန်းမြို့နယ်မှာ ခြေလျင်ခရီးနဲ့ မိမိအဝတ်အစားပစ္စည်းတို့ကို သယ်ဆောင်ပြီးတော့မှ ၁၁ နှစ် ဖြေဆိုခဲ့ပြီး ဖြစ်ပါတယ်။ ထိုသို့ မဖြစ်ပေါ်နိုင်ရေးအတွက် ကျောင်းသားမိဘများအနေနဲ့လည်းပဲ မိခင်ပညာရေးဝန်ကြီးဌာနကနေသတ်မှတ်ထားသော ကျောင်းသားဦးရေပြည့်မီရေး၊ မိခင်ပညာရေးဌာနကနေသတ်မှတ်ထားသော စာဖြေခန်းလုံလောက်ရေး၊ သက်ဆိုင်ရာမေးခွန်းတိုက်တို့ကို နိုင်ငံတော်ကိုအနေနဲ့ ကျောင်းဆောင်များဆောက်လုပ်ခြင်း၊ မိဘများရဲ့အစီအစဉ်နဲ့ မေးခွန်းတိုက်တွေ ဆောက်လုပ်ခြင်းတို့ကို ၂၀၁၀ ခုနှစ်အထိ ဆောက်လုပ်ထားပြီးသားဖြစ်ပါတယ်။ ထို့ကြောင့်မို့လို့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ လေရှီးမြို့နယ်၊ ဆွမ္မရာ အထကခွဲကနေပြီးတော့မှ လေရှီးစာစစ်ဌာနကို သွားရောက်ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူဟာ ၁၄၁ ဦး Form တင်ထားပြီးသား ဖြစ်ပါတယ်။ ထို့အတူပဲ နန်းယွန်းစာစစ်ဌာနကို သွားရောက်ဖြေဆိုမယ့် အထကပန်ဆောင်မြို့နယ်ကနေနဲ့လည်း ၁၂၂ ဦး လျှောက်လွှာ Form တင်ထားပြီးတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့မိဘများရဲ့ အခက်အခဲ၊ သက်ဆိုင်ရာကျောင်းသားများရဲ့ အခက်အခဲ၊ မိဘများရဲ့ တစ်ဖက်က စာစစ်ဌာနရရှိရေးအတွက် ကြိုးပမ်းနေမှုတို့ကို ထောက်ထားပြီးတော့မှ ဒီနှစ်ပညာသင်နှစ်မှာ အလျင်မမီတော့သော်လည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ စာစစ်ဌာနချပေးနိုင်ရေးအတွက် ကျွန်တော်တို့ သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဇာတိမြေဖြစ်တဲ့ ဆွမ္မရာ၊ ပန်ဆောင်နဲ့ သက်ဆိုင်ရာမိဘများရဲ့သားသမီးများ အခက်အခဲကို သက်ညှာပြီးတော့မှ စာစစ်ဌာနရရှိရေးကို ဦးထိပ်ထားလျက် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ အထကခွဲ ဆွမ္မရာ-လေရှီးမြို့နယ်နှင့် အထကပန်ဆောင်မြို့နယ်ခွဲတို့တွင် စာစစ်ဌာနဖွင့်လှစ်ပေးရန်ကိစ္စနဲ့ ပတ်သက်ပြီးတော့

ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေရှင်းတင်ပြမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန အသစ် ဖွင့်လှစ်ရေးကိစ္စနဲ့ပတ်သက်ပြီး သတ်မှတ်ချက်များ ထားရှိပါတယ်။ ဖွင့်လှစ်မယ့်စာစစ်ဌာနမှာ ကျောင်းဝင်းလုံခြုံမှုအတွက် ခြံစည်းရိုးရှိရပါမယ်။ စာဖြေခန်းလုံခြုံမှုရှိရပါမယ်။ ဒါ့အပြင် မေးခွန်းနဲ့ ဖြေဆိုပြီး အဖြေလွှာများ လုံခြုံစွာသိမ်းဆည်းထားနိုင်တဲ့ ဘဏ်၊ ငွေတိုက်၊ တပ်ရင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စသည်ဖြင့် ရှိရမှာဖြစ်ပါတယ်။ စာစစ်ဌာနအသစ်ဖွင့်လှစ်မည့်ဒေသ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိပါက သတ်မှတ်ချက်နဲ့ ကိုက်ညီသည့် မီးခံတိုက်ရှိရမှာဖြစ်ပါတယ်။ ထို့အပြင် အာဏာပိုင်အဖွဲ့အစည်း များက စာမေးပွဲချောမောအောင်မြင်စွာ ကျင်းပနိုင်ရန် စာမေးပွဲမေးခွန်းနှင့်အဖြေလွှာများရဲ့ လုံခြုံရေး ကို အပြည့်အဝတာဝန်ယူနိုင်ကြောင်း ခံဝန်ချက်ထားရှိရမှာဖြစ်ပါတယ်။ စာစစ်ဌာနအသစ် ဖွင့်လိုတဲ့ ကျောင်းက အထက်ဖော်ပြပါအချက်အလက်များကို ဓာတ်ပုံ၊ စာရွက်စာတမ်းအထောက်အထား များပြုစုပြီး မြို့နယ်ပညာရေးမှူးရုံး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပညာရေးမှူးရုံးများမှတစ်ဆင့် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့သို့ တင်ပြတောင်းခံရမှာ ဖြစ်ပါတယ်။ တင်ပြချက်များအပေါ်မှာ မှန်ကန်မှု ရှိ၊ မရှိကို အခြေခံပညာဦးစီးဌာနများက တာဝန်ရှိသူများက ကွင်းဆင်းစိစစ်ပြီးမှသာ စာစစ်ဌာနအသစ်ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်ရပါတယ်။ စာစစ်ဌာနတစ်ခု မှာ ပြဿနာပေါ်ပေါက်လာလျှင် တစ်နိုင်ငံလုံးရှိစာစစ်ဌာနများအားလုံး ထိခိုက်နိုင်သဖြင့် စာစစ်ဌာန အသစ်ပေးရန်အတွက် အသေးစိတ် စိစစ်ဆောင်ရွက်ရပါတယ်။ သို့ပါ၍ လေရှီးမြို့နယ်၊ ဆွမ္မရာ အခြေခံပညာအထက်တန်းကျောင်းခွဲနဲ့ ပန်ဆောင်မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းတွင် ယခုနှစ်အတွက် စာစစ်ဌာန ဖွင့်လှစ်ရေးအတွက် အထက်တင်ပြပါအချက်များနဲ့ကိုက်ညီက ဖွင့်လှစ် ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်ဝင်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဝင်း (ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ တက်ရောက်လာကြတဲ့ ဧည့်သည်တော်အပေါင်းနဲ့ ပြည်ထောင်စု ဝန်ကြီးတို့ အားလုံးမင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ ပန်းတောင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ဘွဲ့ရအထွေထွေလုပ်သားများ ရာထူးတိုးမြင့်ပေးရေးကိစ္စနဲ့ပတ်သက်တဲ့ မေးခွန်းကိုမေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအောက်မှာရှိတဲ့ အ.မ.က ကျောင်းများမှာဘွဲ့ရ အထွေထွေလုပ်သားများရှိပါတယ်။ အထွေထွေလုပ်သားတွေအား မူလတန်းပြ အဖြစ် ရာထူးတိုးမြှင့်ပေးရေးကိစ္စမှာ ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းတက်ပြီးမှ

ရာထူးတိုးရတာ ဖြစ်ပါတယ်။ အဲဒီလိုရာထူးတိုးတဲ့နေရာမှာလည်းပဲ အသက်ကန့်သတ်ချက်အနေနဲ့ အသက် ၂၅ နှစ်ဆိုပြီးတော့ ကန့်သတ်ထားပါတယ်။ အသက် ၂၅ နှစ်အထိပဲ ကန့်သတ်ထားတဲ့အတွက် သင်တန်းတက်ရောက်ရေးကိစ္စမှာ အခွင့်အလမ်းအတော်နည်းပါးကြောင်း တွေ့ရှိရပါတယ်။ ဒီဘွဲ့ရ အထွေထွေလုပ်သားတွေဟာ ဒီရာထူးတိုးမြှင့်ပေးရေးကိစ္စမှာ တစ်ဌာနအတွင်းဝန်ထမ်းဖြစ်တာကို လည်း တွေ့ရှိရပါတယ်။ နောက် ကျွန်တော်တို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ဒီရာထူး ခေါ်တဲ့နေရာမှာလည်း ဝန်ထမ်းဆိုလို့ရှိရင် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အထွေထွေလုပ်သားတွေ ဒီအခွင့်အလမ်းရရှိရေးအတွက်ကို အသက်ကန့်သတ်ချက် ၂၅ နှစ်ဆိုတာကို လျှော့ပေါ့ပြီးတော့ စဉ်းစားပေးနိုင်ခြင်း ရှိ၊ မရှိကို ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဝန်ကြီး ဌာနအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၄၁၂၇၂ ကျောင်း ဖွင့်လှစ်ထားပြီး ယင်းကျောင်းများအနက် မူလတန်းကျောင်းပေါင်း ၃၆၁၈၁ ကျောင်း ပါဝင် ပါတယ်။ မူလတန်းကျောင်းတစ်ကျောင်းမှာ အထွေထွေလုပ်သားတစ်ဦးစီ ခန့်ထားခွင့်ပြုထားပါတယ်။ အထက်တန်း၊ အလယ်တန်းကျောင်းများရှိ သန့်ရှင်းရေး၊ ကျောင်းအကူ၊ ကျောင်းစောင့်ရာထူးများ အပါအဝင် လစာနှုန်း သူ စုစုပေါင်း ၄၂၀၀၀ ခန့်ထားတာရှိပါတယ်။ ပညာရေးကောလိပ်များမှာ ဖွင့်လှစ်ပေးလျက်ရှိတဲ့ လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းများသို့ နှစ်စဉ်သင်တန်းသား ၄၀၀၀ ကို ရွေးချယ်တက်ရောက်ခွင့်ပြုထားပြီး အဆိုပါအင်အား အနက် ဝန်ထမ်းများ တက်ရောက်ရန်အတွက် ၂၅ ရာခိုင်နှုန်း ၁၀၀၀ ဦး သတ်မှတ်ထားပါတယ်။ ပြင်ပ ဘွဲ့ရများအတွက် အသက် ၂၅ နှစ်မကျော်သူများဖြစ်ရန်နဲ့ ဘွဲ့ရဝန်ထမ်းများအတွက် အသက် ၃၀ နှစ် မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက် ၂ နှစ်ပြည့်ပြီး သူများကို ဒီသင်တန်းကို တက်ရောက်ခွင့်၊ လျှောက်ထားခွင့်ရှိပါတယ်။ သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ဝင်ခွင့် လျှောက်ထားသူများ ကို အင်္ဂလိပ်ဘာသာ၊ အထွေထွေဗဟုသုတဘာသာရပ်တို့ကို ရေးဖြေစစ်ဆေးပြီး ရမှတ်မြင့်မားသူများ ကို သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်အုပ်စုလိုက်ရွေးချယ်ပြီး သင်တန်းတက်ရောက်ခွင့်ပြုလျက်ရှိပါတယ်။ သို့ပါ၍ အခြေခံပညာကျောင်းများမှ အထွေထွေလုပ်သားများအပါအဝင် အောက်ခြေဝန်ထမ်းများအတွက် အသက် ၂၅ နှစ်မဟုတ်ဘဲ အသက် ၃၀ နှစ်အထိ လျှော့ပေါ့၍ B-Tech သင်တန်းများဝင်ခွင့် လျှောက်လွှာကို တင်သွင်းခွင့်ထားပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်ဆက်လက်ကျင်းပမယ့်အစီအစဉ်မှာ ဖြန့်ဝေထားတဲ့အစီအစဉ်ထဲက အစီအစဉ် နံပါတ်(၁၀) ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်ရဲ့ အဆိုပြုချက်ကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခု ကျွန်တော်ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်းနဲ့ဖြေဆိုခြင်း အစီအစဉ်ပြီးပါပြီ။ ဒါကြောင့် နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ၄၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၂ နာရီ ၁၅ မိနစ်တွင် ပြန်လည်စတင်ပါမယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် မစတင်မီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ကြိုတင်တင်ပြရန်အချက်ရှိပါတယ်။ ယနေ့ညနေပိုင်း တည်းဆဲဥပဒေများဆိုင်ရာ ဆွေးနွေးပွဲအပြီး ညနေ ၄ နာရီမှာ အစည်းအဝေးခန်းမဆောင်အပေါ်ဆုံးထပ်မှာ ရှိတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ရုံးခန်းအစည်းအဝေးခန်းတွင် လက်ရှိလွှတ်တော်ကော်မတီ

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်တွေကျော်လွန်ပြီးတော့ အစီအစဉ် ၁၀ ကို ဆောင်ရွက်ရတဲ့ကိစ္စလေး အနည်းငယ်ရှင်းလင်းတင်ပြပါမယ်။ ဒီအစီအစဉ် ၁၀ ဆွေးနွေးတဲ့နေရာမှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ကိုယ်စားလှယ်ရှိဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ မူလအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်မယ်ဆိုရင် ပြည်ထောင်စုဝန်ကြီးက အချိန်ကုန်ခံပြီး ဒီမှာစောင့်နေရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်ကို ကျော်ပြီး ကျင်းပလိုက်တဲ့အခါမှာ ဒီအစီအစဉ်ပြီးတာနဲ့ သူ့လုပ်ငန်းဆိုင်ရာများလုပ်နိုင်ဖို့ အဓိကရည်ရွယ်ပါတယ်။ နောက် ဒီအစီအစဉ်ရုတ်တရက်ဖြစ်ပေါ်လာတဲ့အခြေအနေတွေလည်း ကျွန်တော်ရှင်းလင်းတင်ပြချင်ပါတယ်။ ပြီးခဲ့တဲ့အချိန်တုန်းက ကျွန်တော်တို့ လွှတ်တော်မှာ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ရေးဥပဒေနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက တင်ပြလာပါတယ်။ အဲဒီလိုတင်ပြတဲ့အခါမှာ မူလဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးပါတယ်။ အမျိုးသားလွှတ်တော်က ဆွေးနွေးတဲ့ ဆွေးနွေးချက်တွေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုပို့ပါတယ်။ ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းပေါ်မှာ မူတည်ပြီးတော့ ပြင်ဆင်ချက်အဆိုပြုမှုများနဲ့ အမျိုးသားလွှတ်တော်ကို ပြန်လည်

ပေးပို့ခဲ့ပါတယ်။ အဲဒီအချိန်မှာ ပြင်ပနဲ့အခြားနေရာများ ဘက်က ဒီဥပဒေကြမ်းပေါ်မူတည်ပြီးတော့ နည်းနည်းသုံးသပ်ဖို့လိုကြောင်း သတင်းများ ထွက်ပေါ်လာပါတယ်။ ဒါဘာလည်းဆိုရင် ဒီဥပဒေကြမ်းဟာ အလယ်တန်းနဲ့အထက်တန်းအတွက် ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ဖို့ ဥပဒေကြမ်းတင်ပြလာတဲ့အပေါ်မူတည်ပြီးတော့ လွှတ်တော်များကဆွေးနွေးပြီး ဥပဒေတစ်ရပ်ဖြစ်လာတဲ့အခါမှာ ဒီနေ့နိုင်ငံအတွင်းမှာ ဖွင့်လှစ်ပြီးတဲ့၊ ဖွင့်လှစ်ထားတဲ့ KG ကစပြီးတော့ လေးတန်းအထိ၊ စတုတ္ထတန်းအထိ ကလေးများဟာ ဒီကျောင်းတွေမှာ တက်နေတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပေါ်လာတဲ့အခါမှာ အခုဖွင့်ထားတဲ့ KG ကျောင်းများသည် တရားမဝင်တဲ့ကျောင်းများ ဖြစ်သွားမယ့်အနေအထားမျိုး ဖြစ်တဲ့အတွက် ဒါကို ပြန်လည်စဉ်းစား သုံးသပ်သင့်ပါတယ်ဆိုတဲ့ သတင်းများ ထွက်ပေါ်လာပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ အမျိုးသားလွှတ်တော်ဘက်နဲ့ မိမိတို့ညှိနှိုင်းပါတယ်။ ဒီသတင်းတွေ ကြားတယ်ဆိုတဲ့အခါမှာ သူတို့လည်းကြားပါတယ်။ ကြားတယ်ဆိုလို့ရှိရင်တော့ အချိန်မီတာမျိုး ပြင်ဆင်မယ်ဆိုရင်ပြင်ဆင်သင့်တယ်ဆိုတဲ့ အဖြေထွက်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနဲ့ညှိနှိုင်းတဲ့အခါကျတော့လည်းဒါဖြစ်သင့်တဲ့ကိစ္စပါဆိုတဲ့သဘောကြောင့် အမျိုးသားလွှတ်တော်ဘက်မှာတော့ ဒီဥပဒေကြမ်းကို KG ကစပြီးတော့ ဆယ်တန်းအထိ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်နိုင်တယ်။ ဥပဒေနဲ့အညီ ဆိုတာမျိုးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်နေစဉ်မှာပဲ အခြား Issue ကိစ္စတစ်ခုပေါ်လာပါတယ်။ ဒါဘာလည်းဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ဆယ်တန်းကျောင်းအထိတော့ အခုနကပြောတဲ့ ကိုယ်ပိုင်ကျောင်းတွေရှိပြီး သို့ရာတွင် တက္ကသိုလ်လို အဆင့်မြင့်ပညာသင်ကြားပေးမယ့်ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ တစ်နည်းအားဖြင့် အစိုးရအသိအမှတ်ပြုကျောင်းများမရှိဘူးဆိုလို့ရှိရင် သူများနိုင်ငံနဲ့စာတဲ့အခါမှာ တစ်ခုလိုအပ်ကောင်း လိုအပ်နေလိမ့်မယ်။ ဒီလိုသတင်းများလည်း ထပ်ပြီးရပါတယ်။ ပြန်စဉ်းစားတဲ့အခါကျတော့လည်း ဒီဟာ ဆီလျော်ဆက်စပ်ပြီးတော့ မှန်ကန်တယ်လို့ ဒီလိုပြောလို့ရတဲ့သဘောဖြစ်ပါတယ်။ ဘာ့ကြောင့်လည်းဆိုရင် တခြားနိုင်ငံကိုကျွန်တော်တို့နိုင်ငံက ပညာသင်များ စေလွှတ်တဲ့အခါမှာ တက်ရောက်တဲ့ကျောင်းများသည် တချို့အစိုးရကဖွင့်လှစ်တဲ့တက္ကသိုလ်များဖြစ်သလို တချို့ကျောင်းများကျတဲ့အခါကျတော့ အစိုးရအသိအမှတ်ပြုပြီးတော့ ပြောရမယ်ဆိုရင် ကိုယ်ပိုင်ကျောင်းများမှာလည်း ကျွန်တော်တို့ဆီက ပညာတော်သင်တွေတက်ရောက်ရတဲ့အနေအထားရှိပါတယ်။ အဲဒါက အစိုးရဘက်ကလွှတ်လိုက်တဲ့ ပညာတော်သင်များကော၊ သီးခြားကိုယ့်စရိတ်နဲ့ ကိုယ်သွားတက်နေတဲ့ကျောင်းသားများကော ဒီလိုဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိနိုင်ငံမှာလည်း ထိုကဲ့သို့သော တက္ကသိုလ်များ တဖြည်းဖြည်းပေါ်ထွန်းလာမယ်ဆိုရင် နိုင်ငံတော်အစိုးရအတွက်လည်း စရိတ်စကသက်သာသလို တစ်ဖက်ကလည်း

သူများနိုင်ငံနဲ့ ရင်ဘောင်တန်းနိုင်တယ်ဆိုတဲ့အနေအထားမျိုး ဒီလိုပြည်သူများထံက ပြန်လည်ကြားရတဲ့အတွက် ဒီပညာရေးလောကမှာတာဝန်ရှိကြတဲ့ ပါမောက္ခချုပ်ကြီးများကလည်း ဒီဟာကတော့ တကယ်လိုအပ်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလကိုယ်ပိုင်ကျောင်းများ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ဆက်စပ်ပြီးတော့ ဒီဥပဒေလည်းဖြစ်သင့်ပါတယ်လို့ ဆွေးနွေးပါတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ရေးဥပဒေသည် အခုတင်ပြတာက အခြေခံအဆင့်အတွက်ပဲတင်ပြတာဖြစ်တယ်။ အဆင့်မြင့်ကျောင်းများဆိုလို့ရှိရင်တော့ တက္ကသိုလ်ကျောင်းများဆိုလို့ရှိရင်တော့ အဆင့်မြင့်ဦးစီးဌာနကနေ ဥပဒေကြမ်းလည်း တင်ပြမှုဖြစ်မယ့်အနေအထားလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီတစ်ကြိမ်မှာတော့ ဒါချန်ထားပြီးတဲ့အခါမှာ အဆင့်မြင့်ပညာဦးစီးဌာနကတင်ပြရမယ့်၊ တင်ပြသင့်တဲ့ ဥပဒေကြမ်းကိုတော့ အချိန်နည်းနည်းယူပြီးတော့ ဆောင်ရွက်ဖို့သင့်ပါတယ်ဆိုတဲ့ အကြံပြုချက်ပြန်ရပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့လွှတ်တော်ရဲ့အနေအထားကလည်း အားလုံးသိတဲ့အတိုင်းပဲ အချိန်က အခုဆိုရင် နှစ်လကျော်လာတဲ့အနေအထားရှိတယ်။ အချိန်ကလည်း တော်တော်လေးကြာသွားပြီ၊ ပြီးတဲ့အခါမှာ ဒီနေ့ ကျွန်တော်တို့လွှတ်တော်မှာ ဆွေးနွေးပြီးတော့ ပေးပို့ထားတဲ့ အဓိကကျတဲ့ စီတန်းလှည့်လည်ခြင်း ဥပဒေကြမ်း ပြီးတဲ့အခါမှာ ကျေးလက်ကျေးရွာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဥပဒေဟာလည်း ဟိုဘက်လွှတ်တော်မှာ ဆွေးနွေးနေတုန်းပဲရှိတယ်။ ကျွန်တော်တို့ဆီပြန်မရောက်လာသေးဘူး။ အခြားဥပဒေများကလည်း ပြန်မရောက်လာသေးဘူး။ ဒီဥပဒေတွေ ပြန်ရောက်လာလို့ရှိရင် ကျွန်တော်တို့ဘက်က ဆွေးနွေးစရာတွေ ရှိကောင်းရှိမယ်ဖြစ်တဲ့အတွက် ကျန်တဲ့ရက်အတွင်းမှာတော့ ကျွန်တော်တို့လွှတ်တော်အနေနဲ့ ဘာဦးစားပေးဆောင်ရွက်ရမလဲဆိုရင် မပြီးပြတ်သေးတဲ့ဥပဒေကြမ်းများ ပြန်လည်ဆွေးနွေးဖို့ပဲ ဦးစားပေးရမယ့်အနေအထားရှိတယ်။ ဒါကြောင့်မို့လို့ ရက်ကိုတွက်တဲ့အခါ ရက်က ပြည်ထောင်စုလွှတ်တော်က လာတဲ့ အစီအစဉ်အရဆိုရင်ကျွန်တော်တို့ ဆီမှာ ရက်က အင်မတန်မှ ခက်ခဲသွားတယ်။ ခက်ခဲသွားတဲ့အတွက် အခု ဆရာကြီးဒေါက်တာစိုးရင်တင်ပြမယ့် ဒီအဆိုဟာလည်း ဒီနေ့မှာ အပြီးဖြတ်မှပဲဖြစ်မယ့် အနေအထားရှိသလိုကျန်တဲ့မေးခွန်းတွေ၊ အဆိုတွေဆိုတာလည်း ဒီတစ်ပတ် လွှတ်တော်အစည်းအဝေးမှာတော့ ဆက်လုပ်နိုင်တဲ့ အခွင့်အလမ်းနည်းသွားပါပြီ။ ဒါကြောင့်မို့လို့ ဒီနေ့အဓိကကျတဲ့ ဒီအဆိုတွေနဲ့ တချို့ဒီအထဲမှာဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ တင်ပြလာတဲ့အပေါ်မူတည်ပြီးတော့ ဒီနေ့အရေးတကြီး ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် အစီအစဉ်များ မူလမပါသော်လည်း ထပ်ဖြည့်ပြီးတော့ ဆောင်ရွက်ရတယ်ဆိုတာကို လွှတ်တော်ကိုတင်ပြခြင်းပဲဖြစ်ပါတယ်။ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ဖြစ်ထွန်းနေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်နှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိကတက္ကသိုလ်များ၊ Private Universities များ မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မယ့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲရေးအဆိုတင်သွင်းဖို့ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ အထူးဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်မှာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ကြမ်းကို တင်သွင်းထားပြီး ပြည်သူ့လွှတ်တော်တွင် အတည်ပြုဆွေးနွေးပြီးဖြစ်တဲ့အပြင် အမျိုးသားလွှတ်တော်မှာလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းဟာ အခြေခံပညာကဏ္ဍအတွက် မူလတန်းအဆင့်ကိုဖြစ်စေ၊ အလယ်တန်းအဆင့်ကိုဖြစ်စေ၊ အထက်တန်းအဆင့်ကိုဖြစ်စေ ကိုယ်ပိုင် Private တည်ထောင်ဖွင့်လှစ်နိုင်ကြောင်းပါရှိပါတယ်။ အလားတူ အဆင့်မြင့်ပညာကဏ္ဍအတွက် တက္ကသိုလ်အဆင့်ထိ ဖွင့်လှစ်နိုင်ရေးကိုလည်း ပြဋ္ဌာန်းဆောင်ရွက်ရန် ရည်ရွယ်သင့်ကြောင်း ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် ခေတ်မီပညာတတ်များပေါ်ထွန်းလာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိတာဖြစ်တဲ့အတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနည်းတူ အဆင့်မြင့်ပညာကဏ္ဍမှာ ကိုယ်ပိုင်တက္ကသိုလ် သို့မဟုတ် ပုဂ္ဂလိကတက္ကသိုလ် တည်ထောင်ခွင့်ပြုရေးဥပဒေကြမ်းများကိုလည်း ကမ္ဘာ့နိုင်ငံများနည်းတူ ကမ္ဘာ့အဆင့်မီဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စဉ်းစားပြီး ပြဋ္ဌာန်းပေးဖို့ လိုမယ်လို့ ထင်ပါတယ်။

ဒါကြောင့် ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ "ယနေ့ဖြစ်ထွန်းနေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်များနှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိကတက္ကသိုလ်များ (Private Universities) မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မယ့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေးဥပဒေကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲပေးရေး"ဆိုတဲ့အဆိုပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးနဲ့အညီ တက္ကသိုလ်ပညာရေးစနစ်ကို ဖော်ဆောင်ရာမှာ ပညာရေးဝန်ကြီးဌာနက တာဝန်ယူပြီးဆောင်ရွက်နေတဲ့ လက်ရှိတက္ကသိုလ်ပညာရေးစနစ်အပြင် နိုင်ငံတကာကျင့်သုံးနေတဲ့ တက္ကသိုလ်ပညာရေးစနစ်များနဲ့ လိုက်လျောညီထွေမှုရှိပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများထည့်ဝင်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေးစနစ်ကိုလည်း ယှဉ်တွဲဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကို ကြည့်ရင် Private Universities များစွာ ဖွင့်လှစ်ထားတာကို တွေ့နိုင်တဲ့အပြင် တချို့ Private Universities များဟာ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးတွေ ဖြစ်နေတယ်ဆိုတာကိုလည်းပဲ အထင်အရှားတွေ့မြင်နိုင်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်များကို World Class ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များအဖြစ် အဆင့်မြှင့်ဆောင်ရွက်တဲ့အခါမှာ သင်ကြားရေးသာမက သုတေသနလုပ်ငန်းများကိုပါ ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ အရည်အသွေးရှိတဲ့သင်ကြားရေးနဲ့ သုတေသနကျွမ်းကျင်တဲ့ ပညာရှင်တွေကို ပြည်တွင်း၊ ပြည်ပမှ ငှားရမ်းခန့်ထားပြီး ဆောင်ရွက်ဖို့လိုသလို ထိုကဲ့သို့ အရည်သွေးမြင့်မားတဲ့ ဘွဲ့ရပညာရှင်တွေကိုလည်း လေ့ကျင့်မွေးထုတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဆင့်မြင့်သင်ကြားပို့ချရေးအတွက် လိုအပ်မယ့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ လက်တွေ့ခန်းများ၊ ဓာတ်ခွဲခန်းများနဲ့ လိုအပ်မယ့် equipments ကိရိယာများ တပ်ဆင်ပေးရန်လည်း လိုအပ်ပါတယ်။ သုတေသန လုပ်ငန်းများကို ဆောင်ရွက်ဖို့ research facilities သုတေသနဌာနများကိုလည်း ထူထောင်ပေးဖို့ လိုအပ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုအရင်းအနှီးတွေ လိုအပ်တဲ့အတွက် ပုဂ္ဂလိကအပိုင်းက ထည့်သွင်းပါဝင်ဆောင်ရွက်မှသာလျှင် ကျယ်ပြန့်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပါဝင်လာတဲ့အတွက် နိုင်ငံတကာနဲ့ယှဉ်ပြီး ပညာရေးဝန်ဆောင်မှုများကို အဆင့်မီစွာ ပေးနိုင်မှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကတက္ကသိုလ်များ ပေါ်ပေါက်လာဆိုရင် ဗဟိုချုပ်ကိုင်မှုအောက်မှာမရှိတော့တဲ့အတွက် မိမိတက္ကသိုလ် အဆင့်မြင့်မားရေး၊ အောင်မြင်ရေးနဲ့ ကျောင်းသားများ စိတ်ပါဝင်စားစွာ တက်ရောက်သင်ကြားလာစေရေးတို့အတွက် တက္ကသိုလ်အလိုက် ကိုယ်ပိုင်စီမံခန့်ခွဲပြီး ဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။ မိမိတက္ကသိုလ်အလိုက် ပိုင်နိုင်ထိရောက်စွာ၊ ထိရောက်စွာသင်ကြားပို့ချနိုင်မယ့် ကျောင်းသားများကလည်း အမှန်တကယ်သင်ကြားဖို့ လိုအပ်တဲ့ ဘာသာရပ်တွေကို ရွေးချယ်သတ်မှတ်ပြီးတော့ မဟာဌာနများ faculties ဖွဲ့စည်းပြီး သင်ကြားပို့ချ

ကြရတော့မှာဖြစ်ပါတယ်။ သင်ကြားရာမှာလည်း နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများ ရေးဆွဲပြဋ္ဌာန်းပြီး သင်ကြားပို့ချရမှာဖြစ်တဲ့အတွက် ပညာအရည်အသွေးမြှင့်တင်ရေးကို မဖြစ်မနေ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်များမှာ သင်ကြားရေးနဲ့ သုတေသနပညာရှင်တွေကို ခန့်တဲ့အခါမှာ Tennure စနစ်သို့မဟုတ် Contract စနစ်နဲ့ ခန့်ထားရတော့မှာဖြစ်တဲ့အတွက် ပညာရှင်များဟာလည်း မိမိအလုပ်တည်မြဲရေးအတွက် အရည်အသွေးပြည့်အောင်ကြိုးစားနေကြရတော့မှာဖြစ်ပါတယ်။ ပညာရည်မြင့်မားနေစေရေးအတွက် အပြိုင်အဆိုင် ကြိုးစားအားထုတ်နေကြရမှာလည်း ဖြစ်ပါတယ်။ သုတေသနကောင်းတွေကို ဖော်ထုတ်နေကြရမှာ ဖြစ်ပါတယ်။ နည်းပညာအသစ်တွေကို တီထွင်ကြံဆနေကြရတော့မှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကတက္ကသိုလ်များကို ပြည်တွင်းမှာ တည်ထောင်တဲ့အခါမှ ကိုယ်ပိုင်သင်ကြားရေးအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်နိုင်မှာဖြစ်သလို နိုင်ငံတကာတက္ကသိုလ်များနဲ့ချိတ်ဆက်ပြီး Affiliate လုပ်ပြီး သင်ကြားရေးအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာအဆင့်မီ သင်ကြားရေးအရည်အသွေးများဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်သလို နိုင်ငံတကာတက္ကသိုလ်များရဲ့ အသိအမှတ်ပြုခြင်းကိုလည်း ရရှိမှာဖြစ်ပါတယ်။ တက်ရောက်သင်ကြားတဲ့ကျောင်းသားတွေဟာလည်း ပြည်တွင်းပြည်ပတက္ကသိုလ်တွေအချင်းချင်းလဲလှယ်ပြီး ပညာသင်ကြားနိုင်မယ့် အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ နည်းပညာတိုးတက်မှုများကို အထောက်အကူဖြစ်စေဖို့အတွက် ပုဂ္ဂလိကတက္ကသိုလ်များကို စက်မှုဇုန်များနှင့်ပေါင်းစပ်ပြီး တည်ထောင်ကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းတွေကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှု Investment တွေ သုတေသနထောက်ပံ့မှု Research rents တွေ အပြည့်အစုံကို တက္ကသိုလ်ထဲကို ထည့်သွင်းပေးနိုင်ပြီး တက္ကသိုလ်က သုတေသနရလဒ်တွေ နည်းပညာလွှဲပြောင်းမှု Technology Transfer တွေကို စက်မှုလုပ်ငန်းတွေအတွက် ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေမှာ လိုအပ်မယ့်ပညာရှင်မျိုးကိုလည်းပဲ စိတ်ကြိုက်မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီနည်းအားဖြင့် ပုဂ္ဂလိကတက္ကသိုလ်တွေဟာ Knowledge Industry တွေအဖြစ် အသွင်ပြောင်းလာမှာဖြစ်ပါတယ်။ ဒီနေ့ စီးပွားရေးလောကမှာ ရှေ့တန်းရောက်နေတဲ့ Knowledge Economy လို့ခေါ်တဲ့ စီးပွားရေးနယ်ပယ်မှာ ဝင်ရောက်ပြီးတော့ အောင်မြင်နေတဲ့ ပုဂ္ဂလိကတက္ကသိုလ်တွေ အများအပြားရှိနေပြီဖြစ်ပါတယ်။ ဒီတက္ကသိုလ်တွေဟာ အခြားသော Enterprises တွေနည်းတူ ကမ္ဘာမှာ ချမ်းသာကြွယ်ဝနေတာကိုလည်းပဲ တွေ့မြင်နိုင်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၂၀ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကြီးကို စတင်တည်ထောင်ခဲ့စဉ်က ပုဂ္ဂလိကတက္ကသိုလ်အဖြစ် တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်တည်ထောင်နိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်အက်ဥပဒေ (Yangon University Act) ကို ပြဋ္ဌာန်းရေးဆွဲပြီး တည်ထောင်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါတယ်။

ယခုအခါတွင်လည်းပဲ ပုဂ္ဂလိကတက္ကသိုလ်များ တည်ထောင်ခွင့်ပြုမယ်ဆိုရင် ပုဂ္ဂလိကတက္ကသိုလ်များ ဥပဒေကြမ်းကိုရေးဆွဲပြီး ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီလို ပုဂ္ဂလိကတက္ကသိုလ်များ ဥပဒေကြမ်းကိုရေးဆွဲရာမှာ ရေရှည်တည်မြဲစေရန်နဲ့ ဥပဒေအချက်အလက်များ ခိုင်မာပြည့်စုံစေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီ့အတွက် တက္ကသိုလ်ပညာရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး လိုအပ်တဲ့ အချက်အလက်၊ အထောက်အထားများကို လေ့လာစုဆောင်းပြီးတော့ ကော်မရှင်အစီရင်ခံစာတင်သွင်းစေပြီးမှ အဆိုပါအစီရင်ခံစာပေါ်မူတည်ပြီး ပုဂ္ဂလိကတက္ကသိုလ်များ ဥပဒေကြမ်းကို ရေးဆွဲသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ထောင်ရာမှာ အထူးလိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးဖို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနဲ့ တည်ဆောက်ပေးမယ့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကတက္ကသိုလ်များဟာ အရေးပါတဲ့ကဏ္ဍကနေပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မျှော်လင့်မိပါတယ်။ အားလည်းအားထားပါတယ်။ ပညာရေးကဏ္ဍရဲ့မျှော်မှန်းချက်တွေကိုလည်း ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ရပ်ကို သင့်တော်တဲ့အချိန်အတွင်းမှာ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ပါရန်အတွက် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံဆွေးနွေးမယ့် ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်

တင်သွင်းသော ယနေ့ဖြစ်ထွန်းနေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်များနှင့် လိုက်လျော ညီထွေရှိသော ပုဂ္ဂလိကတက္ကသိုလ်များ Private Universities မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင် ခွင့်ပြုရေးအတွက် လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေးဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲရေး အဆိုကို ပါဝင်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၃၀-၃-၂၀၁၁ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာမှာ ကျွန်တော်တို့နိုင်ငံကို ခေတ်မီတဲ့ ဖွံ့ဖြိုးတဲ့၊ တိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်တဲ့လူ့စွမ်းအား အရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်မှာဖြစ်ကြောင်း အနာဂတ် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ကြရမယ့် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီမြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။ ဆက်လက်ပြီး မိန့်ကြားရာမှာ လက်ရှိ ဖွင့်လှစ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်းကျောင်းများရဲ့ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများရဲ့ အရည်အချင်းမြင့်မားရေးနဲ့ ၎င်းတို့ရဲ့လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ အလယ်တန်းနဲ့ အထက်တန်း ကျောင်းတက်ရောက်မှုနှုန်းမြင့်မားလာရေးအတွက်ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းဖို့ ကြိုးပမ်းသွားမှာဖြစ်ကြောင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ကြောင်း တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍ ပညာရေးဝန်ဆောင်မှုများကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဖော်ဆောင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် အခု ဒေါက်တာစိုးရင် တင်သွင်းတဲ့ အဆိုအား နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့တဲ့ပညာရေးမူဝါဒများကို လက်တွေ့ဖော်ဆောင်မယ့် အဆိုတစ်ခုဖြစ်ပါ ကြောင်းတင်ပြဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဟာ ပညာရပ်အသစ်အဆန်းကို တိုးတက်မြင့်မားအောင်ရှာဖွေသလို တစ်ဘက်မှာလည်းပဲ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဆင့်မြင့်ပညာကျွမ်းကျင်သူ လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးရ

ပါတယ်။ တက္ကသိုလ်အနေဖြင့် မျိုးဆက်သစ်များကို နားလည်ရုံသက်သက် သင်ကြားပေးရုံဖြင့် ထူးချွန်ထက်မြက်သူပညာရှင်များ မွေးထုတ်နေခြင်းမဟုတ်ပါ။ သင်ကြားပေးသမျှပညာရပ်များကို အခြေခံပြီး ဆက်စပ်တွေးတောတီထွင်ကြံဆနိုင်စွမ်းမြင့်မားလာအောင်နဲ့ သုတေသနများကို ဆောင်ရွက်စေပြီးနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသုံးချနိုင်မည့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ တတ်ကျွမ်းသည့် ပညာရှင်အဆင့်ရောက်အောင် လေ့ကျင့်ပေးရမည်ဖြစ်ပါတယ်။ အဲဒီလို တက္ကသိုလ်များမှာ လေ့ကျင့်သင်ကြားတဲ့အခါမှာ နိုင်ငံတကာအဆင့်မီပညာရေးဖြစ်ဖို့ကလည်း လိုအပ်လာပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုတွင် လက်ရှိတက္ကသိုလ်ပညာရေးစနစ်အပြင် နိုင်ငံတကာမှာကျင့်သုံးနေတဲ့ တက္ကသိုလ်ပညာရေးစနစ်များနဲ့ လိုက်လျောညီထွေမှုရှိပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုထည့်ဝင်၍ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ပုဂ္ဂလိကတက္ကသိုလ် ပညာရေးစနစ်ဟူ၍ အဆိုရှင်ကတင်ပြထားပါတယ်။ နိုင်ငံတကာမှာ ပုဂ္ဂလိကတက္ကသိုလ်ဆိုသည်မှာ နိုင်ငံတော်အစိုးရရဲ့ ငွေကြေးဘတ်ဂျက်ကျခံသုံးစွဲရခြင်းမရှိဘဲ ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းတစ်ခုက ရန်ပုံငွေထောက်ပံ့ပြီးတော့ ထူထောင်ထားသောတက္ကသိုလ်များ ဖြစ်ပါတယ်။ တက္ကသိုလ်လည်ပတ်နိုင်ရေးအတွက် လိုအပ်တဲ့ငွေကြေးများကို ကျောင်းသားဟောင်းများမှ လှူဒါန်းသောငွေပဒေသာပင်များ၊ ကျောင်းလခများနှင့်သုတေသနလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်းမှ ရရှိပါတယ်။ အချို့နိုင်ငံများမှာ ပုဂ္ဂလိကတက္ကသိုလ်တန်းမှာတက်ရောက်နေတဲ့ ဆင်းရဲပြီးစာတော်တဲ့ ကျောင်းသားတွေကိုတော့ နိုင်ငံတော်အစိုးရက ပညာသင်ထောက်ပံ့ငွေများပေးခြင်း၊ စကော်လာ့ရှစ်ဆုများပေးခြင်း၊ ရင်းနှီးမြှုပ်နှံတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်ကို အခွန်ငွေသက်သာမှုပေးခြင်းအားဖြင့် ကူညီထောက်ပံ့ပေးပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်များတည်ထောင်ရာတွင် နိုင်ငံကိုလိုက်ပြီးတော့ စနစ်အမျိုးမျိုးရှိကြောင်း ဆက်လက်တင်ပြလိုပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ Private University Act 1992 ပြဋ္ဌာန်းပြီးတဲ့နောက်မှာ ပုဂ္ဂလိကတက္ကသိုလ်များပြားစွာ ပေါ်ထွက်လာပါတယ်။ တက္ကသိုလ်ဖွင့်လှစ်ခွင့်ပါမစ်ကို University Grants Commission UGC ကနေပြီးတော့ အတည်ပြုထုတ်ပေးတဲ့စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ၂၀၀၃ ခုနှစ်ကစပြီးတော့ Joint Partnership Private Universities များထူထောင်ခဲ့ပါတယ်။ အခြားနိုင်ငံမှ တက္ကသိုလ်များဖြင့် တရုတ်နိုင်ငံမှ တက္ကသိုလ်များနှင့် အခြားနိုင်ငံမှတက္ကသိုလ်များ ပူးတွဲဖွင့်လှစ်တဲ့တက္ကသိုလ်တွေ ဖြစ်ပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်သုံးခုမှာ အင်္ဂလိပ်ဘာသာဖြင့်ပင် ဘာသာရပ်အားလုံးကို သင်ကြားနေတဲ့စနစ်ကို ကျင့်သုံးနေကြောင်းလည်း လေ့လာသိရှိရပါတယ်။ အိန္ဒိယနိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ တက္ကသိုလ်များကို ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ပုဂ္ဂလိကတက္ကသိုလ် ၈၆ ခု ဖွင့်လှစ်ထားကြောင်းလေ့လာ တွေ့ရှိရပါတယ်။ ဂျပန်နိုင်ငံမှာ ၂၀၀၇ ခုနှစ် စာရင်းအရ ပုဂ္ဂလိကတက္ကသိုလ် ၅၆၈ ခု ရှိပါတယ်။ အစိုးရတက္ကသိုလ်မှာ ၁၇၆ ခုရှိပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်အားလုံးရဲ့ လေးပုံသုံးပုံဟာ ပုဂ္ဂလိကတက္ကသိုလ်များ ဖြစ်ကြပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်များသို့ ဝင်ရောက်ခွင့်ကိုတော့ ဂျပန်အစိုးရဖွင့်လှစ်တဲ့ တက္ကသိုလ်များမှာ ကဲ့သို့ပင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ Entrance Exam များ ဖြေဆိုအောင်မြင်မှသာ သင်ကြားခွင့်ရရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာဆိုရင်တော့ ၁၉၉၀ ခုနှစ်မှာ ပုဂ္ဂလိကတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်လာပါတယ်။ ဗီယက်နမ်နိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကတက္ကသိုလ်များသည် Semi-Private Universities ဖြစ်ပြီး နိုင်ငံတော်အစိုးရရဲ့ဘဏ္ဍာငွေကို တစ်စိတ်တစ်ပိုင်းရရှိကြတဲ့ တက္ကသိုလ်တွေဖြစ်ပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်မှာ သင်ကြားမယ့် ဆရာ၊ ဆရာမများကို အစိုးရတက္ကသိုလ်များမှ ပါမောက္ခများနဲ့ ကထိကများကို ဖိတ်ခေါ်ခဲ့ပြီး အစိုးရတက္ကသိုလ်များမှ အငြိမ်းစားယူထားကြတဲ့ ကထိကများ၊ ပါမောက္ခများဟာ ပုဂ္ဂလိကတက္ကသိုလ်များသို့ ဝင်ရောက်သင်ကြားပေးတဲ့စနစ်ဖြစ်ပါတယ်။ သို့ပါ၍ အထက်ပါနိုင်ငံတကာပုဂ္ဂလိကပညာရေးစနစ်များကို လေ့လာတဲ့အခါမှာ ပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက လုံးဝရင်းနှီးမြှုပ်နှံတည်ထောင်သည့် တက္ကသိုလ်များ၊ ပုဂ္ဂလိကနှင့် အစိုးရဖက်စပ်တည်ထောင်သည့်တက္ကသိုလ်များ၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားတက္ကသိုလ်များ ပူးတွဲတည်ထောင်သည့် တက္ကသိုလ်များ၊ အစိုးရတက္ကသိုလ်နှင့် နိုင်ငံခြားတက္ကသိုလ် ပူးတွဲတည်ထောင်သည့် တက္ကသိုလ်များဟူ၍ စနစ်အမျိုးမျိုးတွေ့ရသဖြင့် မိမိတို့နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေရှိသော Private Universities များကို ဖွင့်လှစ်နိုင်ရန် အချိန်ယူလေ့လာသွားရမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာမြင့်မားရေးအနှစ် ၃၀ စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှာစတင်ပြီးတော့ အကောင်အထည်ဖော်ခဲ့ပါတယ်။ အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းအစီအစဉ်မှာ မဟာဌာနများ Faculties ဖွဲ့စည်းသင်ကြားဖို့ပါရှိပါတယ်။ သို့သော်လည်း ယနေ့အချိန်ထိတော့ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ထိုလိုအပ်ချက်ကို ပုဂ္ဂလိကတက္ကသိုလ်များက ဖြည့်ဆည်းပေးနိုင်မယ်လို့လည်းယူဆပါတယ်။ ယခုဖွင့်လှစ်တဲ့ ပုဂ္ဂလိကတက္ကသိုလ်တွေမှာ Faculties မဟာဌာနများ ဖွဲ့စည်းသင်ကြားပေးခြင်းဖြင့် လက်ရှိကျင့်သုံးနေသောဈေးကွက်စီးပွားရေးနဲ့အညီ ပေါ်ပေါက်လာမည့် အထူးစက်မှုဇုန်များ၊ ရေနက်ဆိပ်ကမ်းစီမံကိန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများမှာ လိုအပ်တဲ့ကျွမ်းကျင်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများ တတ်ကျွမ်းရမည့်ပညာရပ်များကို တိုးချဲ့သင်ကြားပေးနိုင်မည် ဖြစ်ပါတယ်။ ဒါကြောင့် ဘာတင်ပြရလဲဆိုရင် သူတို့

လေ့လာကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားကနေပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့အခါမှာ Skill Labour က ရှာရခက်တယ်လို့ဆိုတဲ့အတွက် ဒီဟာ သူလိုချင်တဲ့ဘာသာရပ်ကို ကျွန်တော်တို့ တက္ကသိုလ်တွေက ဖြည့်ဆည်းပြီးသင်နိုင်အောင် ပုဂ္ဂလိကတက္ကသိုလ်တွေက ပိုပြီးလိုအပ်လာမှာဖြစ်ပါတယ်။ မြန်မာတက္ကသိုလ်များမှာသင်ကြားပေးသော ဝိဇ္ဇာပညာရပ်များ၊ သိပ္ပံပညာရပ်များ ဆေးပညာရပ်များ၊ အင်ဂျင်နီယာပညာရပ်များ၊ စီးပွားရေးပညာဘာသာရပ်များသည် နိုင်ငံတကာအဆင့်အတန်းမီဖို့လိုအပ်သလို တက္ကသိုလ်များမှ ဘွဲ့ရလာသောပညာတတ်များသည် တိုင်းပြည်၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကိုက်ညီဖို့လည်းလိုအပ်ပါတယ်။ သို့ပါ၍ ပုဂ္ဂလိကတက္ကသိုလ်များ ဖွင့်လှစ်ပါကလည်း မိမိတိုင်းပြည်ရှိ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများနှင့် ကိုက်ညီသည့်ပညာရပ်များပါဝင်မည့် သင်ရိုးညွှန်းတမ်းရေးဆွဲသင်ကြားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်နိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကတက္ကသိုလ်များမှာ ကျောင်းသားဦးရေ ၁၀၀ ခန့်သင်ကြားပေးသော တက္ကသိုလ်ငယ်ကနေပြီးတော့ ၃၀၀၀၀ ခန့်အထိသင်ကြားပေးသော တက္ကသိုလ်ကြီးများအထိရှိကြောင်း သိရှိရပါတယ်။ ကျောင်းသားဦးရေနည်းတဲ့တက္ကသိုလ်တွေမှာ ဆရာနဲ့တပည့်ထိတွေ့မှုပိုများတဲ့ အခွင့်အရေးတွေလည်းရရှိပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်တွေမှာ မိမိလိုချင်တဲ့ဘာသာရပ်မျိုးစုံ သင်ကြားနိုင်သော်လည်းပဲ ကျောင်းလခကတော့ အစိုးရတက္ကသိုလ်များထက် များပါတယ်။ ကျောင်းလခကြီးမြင့်တဲ့အတွက် အရည်အသွေးမမီရင် ကျောင်းသားများ လာရောက်တက်သူမရှိမှာ စိုးပြီးတော့ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းဖြင့် ပညာအရည်အသွေးမြှင့်တင်ရေးကို ပုဂ္ဂလိကတက္ကသိုလ်များဟာ အားသွန်ခွန်စိုက်ဆောင်ရွက်ကြမည်ဖြစ်ပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်များတွင် သုတေသနကောင်းများကိုလည်း အပ်နှံသည့်လုပ်ငန်းအလိုက် ကြိုးစားပြုလုပ်ပြီးတော့ တက္ကသိုလ်ဝင်ငွေများကို ရှာဖွေကြရမည်ဖြစ်ပါတယ်။ ပုဂ္ဂလိကတက္ကသိုလ်များဖွင့်တဲ့အတွက် ရန်ကုန်၊ မန္တလေးမြို့ကြီးများမှာရှိတဲ့ တက္ကသိုလ်များမှာ ကျောင်းသားဦးရေများပြားစွာ တက်ရောက်သင်ကြားနေမှုကိုလည်း ပုဂ္ဂလိကကဏ္ဍက ပညာရေးဝန်ဆောင်မှုမျှဝေတာဝန်ယူသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်မည့် ကျောင်းသားများအနေနဲ့လည်း တက်ရောက်မည့်တက္ကသိုလ်ရဲ့ ဂုဏ်သတင်း၊ ပါမောက္ခနှင့်ဆရာ၊ ဆရာများရဲ့ ပညာအရည်အချင်းနဲ့ ကျော်စောမှု မိမိသင်ကြားလိုသည့် ဘာသာရပ်များသင်ကြားပေးနိုင်ခြင်း ရှိ၊ မရှိအပေါ်မူတည်ပြီး ပုဂ္ဂလိကတက္ကသိုလ်ကို ရွေးချယ်တက်ရောက်ကြမည် ဖြစ်ပါတယ်။ ဒါကြောင့် ငွေကြေးအမြတ်အစွန်းရလိုမှုကိုမူတည်ပြီးတော့ ပုဂ္ဂလိကတက္ကသိုလ်တစ်ခု တည်ထောင်၍မဖြစ်နိုင်ပါ။ မြင့်မားသည့်ပညာရေးပို့ချပေးနိုင်မှသာလျှင် ရင်းနှီးမြှုပ်နှံမှုမှ အသီးအပွင့်များခံစားရမည်ဖြစ်တဲ့အတွက် ပုဂ္ဂလိကတက္ကသိုလ်

များကလည်းပဲ ကျောင်းသားများတက်ရောက်ချင်တဲ့ ဘာသာရပ်များနဲ့ ထူးချွန်ထက်မြက်တဲ့ဆရာများကို ခေါ်ဆောင်ပြီးတော့မှ ကောင်းမွန်တဲ့ပညာရေးဝန်ဆောင်မှုကို ပေးမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင် ဒေါက်တာစိုးရင်၏ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ရေးအတွက်လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေး အဆိုကို အချိန်ယူလေ့လာသုံးသပ်ပြီး ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း ထောက်ခံတင်ပြ ရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်း)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဒေါ်တင်နွယ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ ဆရာကြီး ဦးစိုးရင်ပြောတဲ့ တက္ကသိုလ်ပညာရေးကို ပုဂ္ဂလိကတက္ကသိုလ်ပညာရေးအဖြစ် ပြောင်းလဲပြီးတော့ ဥပဒေကြမ်းတစ်ရပ်ပြုစု ရေးဆွဲရေးအဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြန်ပြီးကြည့်မယ်ဆိုလို့ရှိရင် တက္ကသိုလ်ပညာရေးအပိုင်းနဲ့ ပတ်သက်လို့ ခုနဆရာကြီးပြောတဲ့အတိုင်း 1920 Yangon University Act ရှိခဲ့ပါတယ်။ အဲဒီ Act ကြီးကြောင့်မို့လို့ အဲဒီအချိန်ဟာဆိုလို့ရှိရင် ကိုယ်ပိုင် Autonomy Body ရှိခဲ့ပါတယ်။ အဲဒီတော့ ရန်ကုန်တက္ကသိုလ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ Body ရှိခဲ့တဲ့ အတွက်ကြောင့်မို့လို့ အဲဒီအချိန်တုန်းကရှိခဲ့တဲ့ Act to 1964 အထိရှိတဲ့ တက္ကသိုလ်ဟာဆိုရင် ကျွန်မတို့ အာရှမှာအဆင့်အတန်းမြင့်တက္ကသိုလ်အဖြစ် တောက်လျှောက်ရပ်တည်နေတာ တွေ့ရမှာပါ။ လွတ်လပ်ရေးရပြီး ၁၉၄၈ ကနေပြီးတော့ ၁၉၆၄ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်အတောအတွင်းမှာ ၁၉၆၄ မတိုင်ခင် ၁၆ နှစ်ကာလ အတောအတွင်းမှာလည်း ကျွန်မတို့တက္ကသိုလ်ဟာ ကမ္ဘာ့အဆင့်အတန်းမီ အာရှမှာနံမည်ရတဲ့ Image ကောင်းတဲ့ တက္ကသိုလ်များတောက်လျှောက်ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ပြန်ကြည့်မယ်ဆိုလို့ရှိလည်းရင် အဲဒီအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာကျင့်သုံးခဲ့တဲ့ Central Life Economy ကြောင့်မို့လို့ သူတို့က ဒီတက္ကသိုလ်တွေကိုလည်း ဒီပုံစံထဲကို သွင်းလိုက်တဲ့အတွက်ကြောင့် ဒီတက္ကသိုလ်တွေက ပညာရေးနိမ့်ပါးခဲ့ပြီးတော့ အခုလိုအဆင့်မြင့်ပညာတတ်တွေ နည်းပါးသွားတဲ့ အဖြစ်အပျက်မျိုး ဖြစ်ရတာပါ။ အဲဒီတော့ ကျွန်မတို့ မြန်မာနိုင်ငံကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် LCD တိုင်းပြည်ဖြစ်ခဲ့ရတာ နံပါတ်(၁)စီးပွားရေး ချွတ်ခြုံကြလို့ နံပါတ်(၂) ပညာရေးအဆင့်အတန်းနိမ့်လို့

နံပါတ်(၃) အလုပ်လက်မဲ့ပေါ်များတာ သူများတိုင်းပြည်မှာ အလုပ်လက်မဲ့ဖြစ်တယ်ဆိုတာက အင်ဂျင်နီယာက အင်ဂျင်နီယာအလုပ်ရမှ အလုပ်လုပ်တာ ကျွန်မတို့မြန်မာပြည်မှာက အင်ဂျင်နီယာ ဖြစ်သော်လည်းပဲ ဆောက်လုပ်ရေးမှာ စတိုစာရေးသွားလုပ်ရင်လုပ်နေတာ။ အဲဒါကို တကယ် အလုပ် ရတယ်လို့ မဆိုလိုပါဘူး။ ဒါ ကျွန်မတို့ မြန်မာပြည်မှာရှိတဲ့ ပညာတတ်တွေရဲ့ အဆင့်အတန်းက အဲဒီလို နိမ့်ပါးသွားခဲ့တာ တွေရှိခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒီ Poverty Index အရ ကြည့်လို့ရှိရင် အဆင့်မြင့် ပညာတတ်နည်းပါးရေးသည် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်းတွေ့ရမှာပါ။ အဆင့်မြင့်ပညာတတ် ဘာကြောင့်နည်းပါးလဲဆိုတော့ ကျွန်မတို့ တက္ကသိုလ်တွေရဲ့ အဆင့်အတန်း နိမ့်ကျခဲ့ရလို့ ဖြစ်တာပါ။ အဲဒီတော့ အခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က နိုင်ငံရေး အရလည်း ပါလီမန်ဒီမိုကရေစီနည်းထက်သာသော ပါတီစုံဒီမိုကရေစီလည်းကို ကျင့်သုံးပြီး Good Governance, Clean Government အနေနဲ့က ဒီတိုင်းပြည်အတွက် လွှတ်တော်လည်း ပေါ်လာပြီ တစ်ခါနောက်တစ်ခုက အဆင့်မြင့်တဲ့အသိပညာ၊ အတတ်ပညာတွေကို တိုးတက်ရေးလမ်းကြောင်းပေါ်မှာ ရပ်တည်ဖို့အတွက် ပညာတတ် တွေ ပေါ်များရမယ့်ကာလမှာ ဒီပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးကိုလည်း ပြုပြင်ပြောင်းလဲနိုင်တဲ့ ပညာတတ်အဆင့်မြင့်တွေ ပညာတတ်အများကြီး မွေးထုတ်ဖို့လိုလာပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ထက်မြက်တဲ့အသိပညာရှင်တွေ အစွမ်းအစရှိတဲ့ အတတ်ပညာရှင်တွေ ပေါ်ထွန်းဖို့လိုပါတယ်။ အဲဒါကြောင့် ဒီလို အသိပညာ၊ အတတ်ပညာရှင်တွေ ပေါ်ထွန်းဖို့အတွက် အဆင့်အတန်းနိမ့်ပါးနေတဲ့ ကျွန်မတို့ တက္ကသိုလ်ကို ကိုယ်ပိုင်တက္ကသိုလ် ပြုလုပ်ရေးပင်မကဘူး။ ကိုယ်ပိုင် Autonomy body ရှိတဲ့ ကိုယ်ပိုင် Schedule ဥပဒေနဲ့ပြဋ္ဌာန်းတဲ့ တက္ကသိုလ်၊ ကောလိပ် တွေပါ ပြောင်းလဲဖွဲ့စည်းဖို့ လိုအပ် လာပါတယ်။ အဲဒီတော့ တက္ကသိုလ်တွေကို ကိုယ်ပိုင် Schedule ဥပဒေနဲ့ ကိုယ်ပိုင် Autonomic body ဖြစ်တဲ့ တက္ကသိုလ်အဖြစ် ပြောင်းလဲမယ်ဆိုရင် အချက်သုံးချက်တွေ့ရမှာပါ။ အဲဒီအခါကျတော့ ပထမဦးဆုံးက စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်တွေ့ ရပါမယ်။ တစ်နည်းအားဖြင့်ဆိုရင် Administrative Autonomy ရရမှာပါ။ နံပါတ်(၂)က သင်ကြားရေးဆိုင်ရာလုပ်ပိုင်ခွင့်လို့ပြောတဲ့ Academic Autonomic ရရမှာပါ။ နံပါတ်(၃)ကကျတော့ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ လုပ်ပိုင်ခွင့်ဆိုတဲ့ disciplinary Autonomy တွေနဲ့ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဆရာဦးစိုးရင်ပြောတဲ့ အဆင့်မြင့်တက္ကသိုလ် များ ဖြစ်ရန်အတွက် ကိုယ်ပိုင် Private Universities တွေ ထောင်ဖို့အတွက် အဆိုကို ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန ကိုယ်စားလှယ်ရဲ့ သဘောထားကို သိလို ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကတက္ကသိုလ်များ ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မယ့်ပုဂ္ဂလိကတက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲပေးရေးကိစ္စရပ်ဟာ ဆောင်ရွက်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ သင့်တော်တဲ့အချိန်ယူ၍ စဉ်းစား ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာ စိုးရင်တင်သွင်းတဲ့ ယနေ့ဖြစ်ထွန်းနေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်များနှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိကတက္ကသိုလ်များ Private University မြန်မာနိုင်ငံတွင် ဖွင့်လှစ် တည်ထောင်ခွင့်ပြု ရေးအတွက်လိုအပ်မည့် အစိုးရခွင့်ပြုအသိအမှတ်ပြုပုဂ္ဂလိက တက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲရေး အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထား ရယူလိုပါတယ်။ လွှတ်တော်က ဒီအဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် လွှတ်တော်က သဘောတူတဲ့အတွက် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်တင်သွင်းတဲ့ ယနေ့ ဖြစ်ပေါ်နေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်နှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိက တက္ကသိုလ်များ မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ခွင့် ပြုရေးအတွက် လိုအပ်မည့် အစိုးရခွင့်ပြု အသိအမှတ်ပြု ပုဂ္ဂလိကတက္ကသိုလ်ပညာရေးဥပဒေကြမ်းတစ်ရပ်ကို သင့်တော်တဲ့အချိန်ယူ၍ ပြုစုရေးဆွဲရေးအဆိုနဲ့ စပ်လျဉ်းပြီး အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးအမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ၂၀-၁၀-၂၀၁၁ ရက်နေ့မှာ လွှတ်တော်သို့တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကို တစ်ပါတည်း ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်း

ဆက်သအပ်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၇(ခ)အရ အစီရင်ခံတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ စာအမှတ်၊ ၃/ပသ(ကော်မတီ-၁)၁/ ၂၀၁၁-၁၉၉၊ ရက်စွဲ။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့၊ သို့၊ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အကြောင်းအရာ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းစိစစ်ချက်အား အစီရင်ခံတင်ပြခြင်း၊ ရည်ညွှန်းချက်(၁)၊ အမျိုးသားလွှတ်တော်၏ ၁၉-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၁-၄၈၊ ရည်ညွှန်းချက်(၂) ပြည်သူ့လွှတ်တော်၏ ၂၁-၁၀-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၃/ပသ(ကော်မတီ-၁)၁/၂၀၁၁-၁၉၃၊ အပိုဒ်(၁) အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းပါစာဖြင့်ပေးပို့ခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၈-၁၀-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက် မရှိဘဲအတည်ပြုခဲ့သည့်ဥပဒေကြမ်းဖြစ်ပါတယ်။ အပိုဒ်(၂)ပြည်သူ့လွှတ်တော်မှဆက်လက်ဆွေးနွေးရန် ရည်ညွှန်း(၂)ပါစာဖြင့်ပေးပို့ခဲ့ရာ ဤဥပဒေကြမ်းကော်မတီမှ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ မူရင်းပြဋ္ဌာန်းချက်နှင့်အတူ ပြင်ဆင်ချက်များကိုပါ အသေးစိတ်လေ့လာစိစစ်ခဲ့ပါသည်။ မူရင်းဥပဒေ တွင် အခန်း(၆)ခန်းနှင့်ပုဒ်မပေါင်း(၂၇)ခုဖြင့် ပြဋ္ဌာန်းထားရှိပြီး ပုဒ်မ ၆ (ဂ)ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် စကားရပ်အစား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လေးစားလိုက်နာရေးဟူသော စကားရပ်ဖြင့်အစားထိုးခြင်း၊ ပုဒ်မ ၁၀(င) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်းဆိုသည့် စကားရပ်ကို ပယ်ဖျက်ထားခြင်း၊ ပုဒ်မ ၁၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(င)ပြဋ္ဌာန်းချက်အောက်၌ ရှင်းလင်းချက်ကို ထပ်မံဖြည့်စွက်ထားပါသည်။ ၎င်းရှင်းလင်းချက်၌ လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေ ရွေးကောက်ပွဲကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် ယင်းလွှတ်တော် သက်တမ်း အတွင်းကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင် လျှင်ဖြစ်စေ၊ မဲဆန္ဒနယ်သုံးနယ်ထက် ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲ၌ အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင်ဖြစ်စေ၊ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်တွင် အကျုံးဝင်စေရမည်ဟု ဖြည့်စွက်ထားပါသည်။ အပိုဒ် ၃ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေကြမ်း များ စိစစ်ရာတွင်အခြေခံရမည့်မူ ၁၂ ချက်ဖြင့်အခြေခံထား၍စိစစ်ခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ

ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိခြင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျော ညီထွေမှုရှိခြင်းတို့ကြောင့် အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သည့်အတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ နှင့်အညီ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာမှာ ပြင်ဆင်ချက်မရှိသလို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကလည်း သတ်မှတ်ထားတဲ့ ၂၆-၁၀-၂၀၁၁ ရက်နေ့အထိ ပြင်ဆင်ချက်တစ်စုံတစ်ရာ တင်သွင်းခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါ့မယ်။ အဆိုမှာ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့်အတိုင်း ပြည်သူ့လွှတ်တော် က သဘောတူကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော လွှတ်တော်ရုံးဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ် ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့လာသော လွှတ်တော်ရုံး ဥပဒေကြမ်းနှင့်စပ်လျဥ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ၊ စာအမှတ်။ ၃/ပသ(ကော်မတီ-၁)၁/၂၀၁၁-၁၉၈၊ ရက်စွဲ၊ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ သို့၊ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အကြောင်းအရာ။ လွှတ်တော်ရုံးဥပဒေကြမ်း စိစစ်

တွေ့ရှိချက်ကို အစီရင်ခံတင်ပြခြင်း၊ ရည်ညွှန်းချက်(၁)အမျိုးသားလွှတ်တော်၏ ၅-၉-၂၀၁၁ ရက်စွဲပါ စာအမှတ်။ ၁/အမ(ကော်မတီ-၁)၁/၂၀၁၁-၂၁၊ ရည်ညွှန်းချက်(၂) ပြည်သူ့လွှတ်တော်ရုံး၏ ၁၉-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်။ ၃/ပသ(ကော်မတီ-၁)၁/၂၀၁၁-၁၈၄၊ အပိုဒ်(၁)ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့ခဲ့သော အမျိုးသားလွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သည့် ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်၊ အမှတ်(၁၁)က ပေးပို့တင်သွင်းခဲ့သော လွှတ်တော်ရုံးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်အား အစီရင်ခံတင်ပြအပ်ပါတယ်။ အပိုဒ်(၂)လွှတ်တော်ရုံးဥပဒေကြမ်းတွင် နိဒါန်း၊ အခန်း(၁)၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)၊ အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း၊ အခန်း(၃) အုပ်ချုပ်ရေးအဖွဲ့၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ အခန်း(၄)အထွေထွေဟူ၍ပါရှိပြီး ပုဒ်မပေါင်း(၁၄)ခု ပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ လွှတ်တော်ရုံးဥပဒေကြမ်းသည် လွှတ်တော်အသီးသီး၏ သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများကိုအခြေခံပြီး လွှတ်တော်များ၏လုပ်ငန်းတာဝန်များအားလုံးကို ကျယ်ကျယ်ပြန့်ပြန့်ခြုံငုံမိစေရန် ရေးဆွဲရမည်ဖြစ်ပါသည်။ အပိုဒ်(၃) ယခုအခါ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီမှ တင်သွင်းသည့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းအား အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပြီး အမျိုးသားလွှတ်တော်မှ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည် ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းတွင် လွှတ်တော်ရုံး၊ လွှတ်တော် ကိုယ်စားလှယ်ရုံးများ၊ သီးခြားဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့်ဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ထည့်သွင်းပြဋ္ဌာန်းထားရှိပါသည်။ အပိုဒ်(၄) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းပြီးပါက ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေနဲ့ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်အတည်ပြုပြဋ္ဌာန်းသွားရမည်ဟု သုံးသပ်ရရှိပါသည်။ အပိုဒ်(၅)သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ လွှတ်တော်နှစ်ရပ်စလုံး၌ အပြန်အလှန်စိစစ်ဆောင်ရွက်နေဆဲဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေကြမ်းများကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ လွှတ်တော်ရုံးဥပဒေကြမ်းကို ပိုမို ပြည့်စုံကျယ်ပြန့်စွာဆောင်ရွက်နိုင်မည်ဟု သုံးသပ်ရရှိသည့်အတွက် လွှတ်တော်ရုံးဥပဒေကြမ်း စိစစ် ဆောင်ရွက်မှုအား ယာယီဆိုင်ငံ့ထားသင့်ကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ အရ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိပြီးဖြစ်တဲ့အတိုင်း မိမိတို့ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးထားတဲ့ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားတာတွေရှိပါတယ်။ (၁)ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးဥပဒေကြမ်း၊ (၂) စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း၊ (၃) မြေယာဥပဒေကြမ်း၊ (၄) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း၊ (၅) တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဥပဒေကြမ်းများ ပေးပို့ထားခဲ့ပါတယ်။ ယခုဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌတင်ပြသွားတဲ့ လွှတ်တော်ရုံးဥပဒေကြမ်းဟာ အမျိုးသားလွှတ်တော်က စတင်ဆွေးနွေးပြီး မိမိတို့ပြည်သူ့လွှတ်တော်ကို ပေးပို့ထားခဲ့တဲ့ ဥပဒေကြမ်းတစ်ခု ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းပါအချက်အလက်များဟာ မိမိတို့ပြည်သူ့လွှတ်တော်ကပေးပို့ထားတဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းအတည်ဖြစ်ပြီးနောက်ပိုင်းမှာ ဆောင်ရွက်ရမယ့်ကိစ္စများ ပါနေတဲ့အတွက် ဒီဥပဒေကြမ်းကို လက်ခံဆွေးနွေးမယ်ဆိုရင် ရှေ့နောက်မညီညွတ်နိုင်မယ့် အချက်များရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လာတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းပေါ် မူတည်ပြီးမှ ဆွေးနွေးရမယ့်ကိစ္စဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန် မသင့်သေးဘဲနဲ့ စောင့်ဆိုင်းထားဖို့လိုတယ်ဆိုတဲ့ အကြောင်းသက်ဆိုင်ရာဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက တင်ပြသွားတာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော် မကြာသေးခင်အချိန်ကာလက တင်ပြထားတဲ့ အချိန်ကန့်သတ်ချက်တွေ ကျွန်တော်ဆီမှာရှိနေတယ်ဆိုတာ ကျွန်တော်တို့ပေးပို့ထားတဲ့ ဥပဒေကြမ်းတွေကို အမျိုးသားလွှတ်တော်ကဆွေးနွေးပြီး ကျွန်တော်တို့ လွှတ်တော်ကို ပြန်ပေးပို့ဖို့လိုနေပါသေးတယ်။ အဲ့ဒါကို စောင့်ဆိုင်းစောင့်ဆိုင်းရင်းနဲ့ ကျွန်တော်တို့ လွှတ်တော်ရဲ့အချိန်ဟာ ပိုပိုကြာသွားခြင်းပဲ ဖြစ်ပါတယ်။ သို့ရာတွင် အချိန်များတော်တော်ကြာလာတဲ့အခါမှာ ဒီထက်အချိန်ယူပြီးတော့ လွှတ်တော်အစည်းအဝေးများ ဆက်လက်ဆောင်ရွက်ရမယ်ဆိုလို့ရှိရင် အခြားအရေးကြီးတာဝန်များလည်း လွှတ်တော်ကိုယ်စားလှယ်တွေမှာရော၊ ပြည်ထောင်စုအစိုးရနှင့် ဝန်ကြီးတွေမှာရောရှိတဲ့အတွက် မိမိဘက်က အဆိုပြုထားတာကတော့ ဒီပထမအကြိမ် ဒုတိယပုံမှန်လွှတ်တော်အစည်းအဝေးများကို ကတော့ ရက်ပိုင်းအတွင်းမှာပဲ အပြီးသတ်ဖို့လိုတယ်ဆိုတဲ့အဖြေအရ ဒါကြောင့်လည်း ဒီနေ့ ကျွန်တော်တို့ဘက်က ဆောင်ရွက်ရမယ့်ကိစ္စအားလုံး ပြီးပြတ်အောင် ဒီနေ့ အပြီးအပြတ်ဆောင်ရွက်ပြီး ကျန်တဲ့ကိစ္စများကတော့ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လာမယ့် ဥပဒေကြမ်းများအပေါ် ဆောင်ရွက်ရမယ့်အချိန်ကိုပဲ စောင့်ဆိုင်းရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ပြုလုပ်မယ့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွေမှာ မေးခွန်းတွေ၊ အဆိုကိစ္စတွေကတော့ မရှိတော့ဘူးလို့ပဲပြောရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ လွှတ်တော်ကော်မတီများရဲ့လုပ်ငန်း

ဆောင်တာများ၊ လွှတ်တော်ရဲ့လုပ်ငန်းဆောင်တာများကို တန်ဖိုးရှိတဲ့အချိန်တွေမှာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မကြာသေးခင်က ရှင်းလင်းတင်ပြတာနဲ့ အခုဆက်စပ်ပြီးတော့ ပိုမိုရှင်းလင်းအောင် ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရုံးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာမှာ ပြည်သူ့လွှတ်တော်မှ အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်သို့ ပေးပို့ထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ဥပဒေလုပ်ထုံး၊ ဥပဒေလုပ်နည်းများနှင့်အညီ အတည်ပြုနိုင်အောင် ဆက်လက်ဆောင်ရွက်ပြီး အလားတူဆက်စပ်နေတဲ့ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းများကိုပါ ထပ်မံဆောင်ရွက်ပြီးမှသာ လွှတ်တော်ရုံးဥပဒေကြမ်းကို ပိုမိုပြည့်စုံစွာ ဆောင်ရွက်နိုင်မည်ဟု သုံးသပ်ရတဲ့အတွက် လွှတ်တော်ရုံးဥပဒေကြမ်းစိစစ်မှုကို ယာယီဆိုင်းငံ့၍ ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒ ရယူလိုပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က ဘဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ရုံးဥပဒေကြမ်းစိစစ်ဆောင်ရွက်မှုကို ယာယီဆိုင်းငံ့၍ ဆောင်ရွက်ဆဲအဖြစ်ထားရှိရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ မိမိတို့ လွှတ်တော်ရေးရာမေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းပြုစုဆောင်ရွက်ခြင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ မိမိတို့ဘက်က ဆောင်ရွက်သလို နည်းဥပဒေများအတိုင်း လည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မိမိတို့ဘက်ကအချိန်ကို လေးစားတန်ဖိုးထားဆောင်ရွက်ခဲ့တဲ့အတွက် မိမိတို့ဘက်မှာ ဆောင်ရွက်ရမယ့်ကိစ္စများအားလုံးပြီးပြီလို့ ခုန ကျွန်တော် တင်ပြထားတာရှိပါတယ်။ ရှေ့သွားမယ့်ခရီးမှာလည်း မိမိတို့လွှတ်တော်အနေနဲ့တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များကို လိုက်ပါလေးစားရမှာဖြစ်သလို ဥပဒေနဲ့အညီ လုပ်ထုံးလုပ်နည်းနဲ့အညီလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ ရက်တော့ ကျွန်တော်တို့အတိအကျ မကြေညာနိုင်သေးပါဘူး။ နောက်တစ်ပတ်အတွင်းမှာပဲ ဖြစ်မယ်လို့ခန့်မှန်းရပါတယ်။ ဒါကြောင့်

နောက်တစ်ပတ်မှာ ကျင်းပမယ်ဆိုလို့ရှိရင်လည်း နေ့တစ်ဝက်ပဲမှန်းပါတယ်။ ဒါကြောင့်မို့လို့ အချိန်တော့ ကျွန်တော်တို့ မကြေညာနိုင်ပါဘူး။ ဒါကြောင့်မို့လို့ အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ နောက်အပတ်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စောစောပိုင်းကတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမမှာပြုလုပ်မယ့် အစည်းအဝေးကို လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များအတွင်းမှာပါဝင်တဲ့ ဥပဒေပညာရှင်အားလုံး မည်သည့်ကော်မတီကဖြစ်စေ ပါဝင်သော ဥပဒေပညာရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါတယ် ခင်ဗျား။ ညနေ ၄ နာရီဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။